'The tulip is mine and it was stolen from me.'

'Are there two black tulips in Haarlem?' the President asked. 'I don't believe it!'

'Is Master Boxtel an old man? Does he have a thin face?' Rosa asked.

'Yes,' the President replied. 'Why are you asking me these questions?'

'Master Boxtel is the thief, sir,' Rosa replied. 'The black tulip is not Master Boxtel's. It is mine.'

'Be very careful, young woman,' the President said. 'Do not call Master Boxtel a thief. You have made a mistake. Visit Master Boxtel now and talk to him. He is staying at the White Swan Inn.'

Rosa left the President's house.

'What shall I do?' she asked herself. 'Is Jacob Gisels Isaac Boxtel? I don't know. But Gisels will never give the black tulip to me.'

Rosa walked slowly through the busy streets of Haarlem. All the people in the streets were talking about the black tulip.

'Have you seen the black tulip?' they asked each other. 'There is a black tulip here, in Haarlem. Somebody has won the prize. Who is it?'

'I will go back to the President,' Rosa said to herself. 'I will tell him my story. He will believe me!'

The President was busy. He did not want to see Rosa again. But the beautiful girl ran into his sitting-room. She knelt on the floor by his feet.

'Please go away. I am busy,' the President said. 'I am writing a report about the black tulip.'

'But your report will not be true, sir,' Rosa said. 'Please bring Master Boxtel here. He must bring the black tulip with him. Let me see them.'

At that moment, they heard shouts in the street.

'Wait here for a minute!' the President said. He ran from the room.

A pale young man had come into the house.

'Prince William!' the President said. 'Welcome to Haarlem. Welcome to my house!'

Prince William smiled.

'I want to see the black tulip,' he said. 'Is it here?'

'No, sir,' Van Systens said. 'The black tulip is at the White Swan Inn. The tulip-grower has it. He is Isaac Boxtel of Dort. But there is a problem, sir.'

A problem?' Prince William asked.

'Yes, sir,' Van Systens replied. 'A young girl came here today. She said, "Isaac Boxtel did not grow the tulip. He stole it. The black tulip is mine." The girl is here now, sir.'

'Is the girl telling the truth?' Prince William asked.

'I don't know, sir,' the President replied.

'You must send a servant for Boxtel,' said the Prince. 'Boxtel must bring the tulip here. Let the girl see the tulip. Then ask Boxtel and the girl questions about it. I will watch and listen.'

Van Systens sent a servant to the White Swan Inn. Then the President started to ask Rosa questions. Prince William listened.

'Are you the grower of the tulip?' he asked.

'Yes, sir,' Rosa said. 'I grew it in my room. I am the daughter of the jailer of Lovenstein Prison.'

'Do you know about tulips?' the President asked.

'No, sir,' Rosa replied. 'A prisoner in Lovenstein gave me the bulb. I grew the tulip for him.'

Then Rosa told Van Systens her story. She told him about her first meeting with Cornelius. She told him about her love for Cornelius. And she told him about the young man's love for her. Prince William listened.

'Was this prisoner in the Hague Prison too?' the Prince asked.

'Yes, sir,' Rosa replied.

'He is a lucky prisoner!' Prince William said. And he smiled.

11

The Letter

'Master Boxtel has arrived, sir,' Van Systens said to Prince William. The Prince sat in a corner of the room.

Isaac Boxtel came into the room. He put the black tulip on a table.

'That is my tulip!' Rosa said. 'And this man was at Lovenstein Prison. He called himself Jacob Gisels. He bought wine for my father. And he took the tulip from my room in the prison.'

Isaac Boxtel looked at Rosa. Then Boxtel saw Prince William. Suddenly, Boxtel was very frightened.

'Prince William!' he said. 'I did not steal this tulip. I am Isaac Boxtel. Everybody in Dort knows me. I have grown tulips in Dort for twenty years. This girl and her friend tried to steal my tulip.'

'Her friend?' Prince William asked. 'Who is her friend?'

'He is a prisoner in Lovenstein prison,' Boxtel said. 'His name is Cornelius Van Baerle. He was a friend of the traitor, Cornelius De Witt. The prisoner is a traitor too. And he is a thief!'

Rosa started to cry. She turned to Prince William.

'Oh, sir! That is not true,' the young girl said. 'This man is telling lies. Cornelius is not a thief and he is not a traitor.'

'I will not punish you, young woman,' Prince William said. 'But I punish thieves and traitors.'

'Sir, let me ask Master Boxtel some questions,' Rosa said.

'I will answer your questions,' Boxtel said.

'Is this your tulip?' Rosa asked.

'Yes, it is,' Boxtel replied.

'How many small bulbs were there on the large bulb?'

'Two - no - three. There were three,' Boxtel replied.

'And what happened to the other bulbs?' Rosa asked.

'One bulb did not grow,' Boxtel replied. 'But the second bulb grew into this tulip.'

'And the third?' Rosa asked quietly.

'It is in my house, in Dort,' said Boxtel.

'That is not true,' Rosa said. 'I have the third bulb here. Cornelius Van Baerle gave it to me, last year. It is in this paper package. Look!'

Then Rosa took the third bulb from the paper - the paper from Cornelius De Witt's book. She showed the bulb to Van Systens and the Prince. Suddenly, she looked at the piece of paper. There was some writing on the paper. And Rosa could read it! Cornelius had taught her about reading. Rosa read the writing for the first time. Then she smiled.

'Read this! Read this, sir!' Rosa said. She gave the paper to Prince William.

The Prince read the writing quietly.


20th August 1672
My dear young friend,
I left a package at your house.
Please burn the package immediately-
Do not open it.
Your guardian,
Cornelius De Witt

Prince William smiled. He put the paper in his pocket.

'There is a prize for the first black tulip,' he said. 'I will be the judge for the black tulip prize. Master Van Systens, please take care of this girl and the tulip. Goodbye, Master Boxtel. I will see you again.'

Boxtel walked slowly out of the room. He did not understand the Prince's words.

Rosa went close to the black tulip and she kissed it. Then she spoke to Prince William.

'Prince William,' she said. 'Cornelius Van Baerle taught me about reading. I thank God for that. Sir, you know the truth. Please help me. Please help my dear Cornelius!'

12

The Prize

Cornelius was standing in his prison cell. Gryphus was in the ceil too. He was shouting at Cornelius.

'Where is my daughter?' the old jailer shouted. Gryphus had been drinking wine. And he was holding a heavy stick.

'Where is Rosa?' Gryphus asked again. 'I will hit you with this stick. And then you will tell me the truth!'

Gryphus lifted his stick and he hit Cornelius. But Cornelius was stronger than the old jailer. He took the stick and he hit the old man.

'Help! Help!' Gryphus shouted 'The prisoner is killing me! Help! Help!'

Some soldiers ran into the cell. They took the stick from Cornelius. Then they left the cell. The old jailer went with them. He locked the door.

'I hit the jailer,' Cornelius said to himself, sadly. 'Now I will die and I will never see Rosa again.'

Two hours passed. Then the cell door opened again. Four soldiers ran into the cell.

'Cornelius Van Baerle, you must come with us!' one of them said.

The soldiers took Cornelius out of the prison. They put him in a coach. Quickly, the horses pulled the coach towards Haarlem.

In Haarlem, the people were very happy. Somebody had grown a black tulip. And Prince William was in Haarlem. The Prince was going to give the prize.

The President of the Flower Society carried the black tulip through the city. Everybody shouted. Prince William rode on a black horse. He rode behind Van Systens. They went towards the wide square in front of the city hall. Many thousands of people were standing in the square.

Cornelius Van Baerle was in Haarlem too. The soldiers had brought him there in the coach. The coach had stopped in the wide square. Cornelius looked out of the window of the coach.

'Why are all these people here?' Cornelius asked a man. 'Are they going to watch my execution?'

'No, no!' the man shouted. 'Somebody has grown a black tulip. Prince William is going to give the prize!'



A black tulip? Where is it?' Cornelius shouted.

Prince William was near the coach, and he heard Cornelius' words. He stopped his horse.

'Who is this man?' Prince William asked one of the soldiers.

'This is the prisoner from Lovenstein,' the soldier said. 'You wanted him here, in Haarlem, sir.'

'Let this man see the black tulip,' said the Prince.

Then he rode towards the city hall.

A few minutes later, the soldiers took Cornelius out of the coach. They walked slowly to the city hall. Prince William was sitting on a big chair in front of the city hall. And next to the Prince's chair was a table. On the table was the black tulip. Suddenly, the people were quiet.



Isaac Boxtel became pale. He looked at Rosa.



Prince William spoke to Rosa and Cornelius.

'You are both the growers of the black tulip,' the Prince said. 'This beautiful flower will be called "Rosa Van Baerle". Cornelius Van Baerle, here is your wife. You are free. Rosa, here is your husband. You have both won the prize of 100000 guilders!'

Then Prince William took something from his pocket. It was Cornelius De Witt's letter.

'I have read this letter and now I know the truth,' Prince William said to the people. 'Cornelius Van Baerle is not a traitor. The people of The Hague killed John and Cornelius De Witt. But the people did a bad thing! The De Witt brothers were not traitors. They were both good men. They loved their country.'

A few days later, Cornelius and Rosa got married. Soon, they had two beautiful children. And they grew many more beautiful tulips.

ALEXANDRE DUMAS

THE BLACK TULIP

ကမ္ဘန်းနက်

Retold by Florence Bell

ဆုထက် ဖြန်မာပြန်သည်။

မာတိကာ

	စာရေးသူနှင့်ပတ်သတ်၍	၆ရ
	ဤဝတ္ထုစာတ်လမ်းနှင့် ပတ်သတ်၍	၆၉
	စာတ်လမ်းတွင်ပါဝင်သူများ	၇၀
၁။	ကမုန်းနက်စိုက်ပျိုးသူနှစ်ဦး	၇၁
၂။	အထုပ်ကလေးတစ်ထုပ်	၇၇
၃။	ဟိုက်အကျဉ်းထောင်	၈၁
၄။	လမ်းပေါ်မှ လူသတ်မှု	၉၁
၅။	ကမုန်းပန်းစိုက်ပျိုးသူ	၉၇
၆။	ကော်နဲလီးယပ်စ်နှင့်ဖိုဆာ	၁၀၃
၆။	လိုဗင်စတိန်းအကျဉ်းထောင်	၁၀၉
၇။	ဂျက်ကော့ဂစ်ဆယ်လ်	၁၁၅
၈။	ကမုန်းနက်	၁၂၁
၉။	နောက်ဆုံးတွင် အမှန်တရားပေါ်ပေါက်လာခြင်း	၁၂၉
၁၀။	စာအထောက်အထား	၁၃၉
၁၁။	ဆုငွေ	၁၄၅



နယ်သာလင် (၁၆၇၁)

စာစနုးသူနှင့် ပတ်သက်၍

အလက်ဇန်းဒါးဒူးမားသည် ပြင်သစ်လူမျိုးတစ်ဦး ဖြစ်သည်။ သူ့အား ပြင်သစ်နိုင်ငံမြောက်ပိုင်း ရှိဝီလားစ် ကော့ထရက်၌ ၁၈၀၂-ခုနှစ်၊ ဇူလိုင်လ (၂၄) ရက်နေ့တွင် မွေးဖွားခဲ့၏။ သူ၏ဖခင်သည် နပိုလီယန်၏ စစ်တပ်တွင် ဗိုလ်ချုပ်တစ်ဦးဖြစ်သည်။ ဒူးမား မိခင်သည် တည်းခိုခန်း ပိုင်ရှင်တစ်ဦး၏ သမီးဖြစ်သည်။

၁၈၂၃-ခုနှစ်တွင် ဒူးမားသည် ပဲရစ်မြို့သို့ ထွက်လာခဲ့သည်။ သူသည် ရွှေ့နေတစ်ယောက်ဖြစ်လိုသော ဆန္ဒရှိခဲ့၏။ သို့သော် သူသည် လူချမ်းသာတစ်ဦး၏ အိမ်တွင် အလုပ်လုပ်ခဲ့ရသည်။ ဒူးမားသည် သမိုင်းနောက်ခံ ပြဇာတ်များနှင့် ဝတ္ထုများကို စတင်ရေးသားခဲ့၏။ ယင်းဝတ္ထုများ၊ ပြဇာတ်များသည် စိတ်လှုပ်ရှားစရာကောင်းပြီး အောင်မြင်မှုလည်း ရခဲ့ကြသည်။ ဒူးမားသည် အောင်မြင်ကျော်ကြားသူတစ်ဦး ဖြစ်လာခဲ့၏။ သူသည် ဆယ့်ကိုးရာစုနှစ်၏ အထင်ရှားဆုံး စာရေးဆရာများအနက် တစ်ဦးအပါအဝင် ဖြစ်သည်။

ဒူးမားသည် အစားကောင်း အသောက်ကောင်းကို ကြိုက်၏။ ထို့ပြင် အလွန်လှပချောမွေ့သော အမျိုးသမီးများကိုလည်း နှစ်သက်တတ်၏။ သူသည် ငွေကိုလည်း ဘုန်းပေါလအော သုံးခဲ့သည်။ နိုင်ငံအများအပြားသို့လည်း ခရီးဆန့်ခဲ့သည်။ မိတ်ဆွေအပေါင်းအသင်းများအားလည်း ငွေကြေးအကူအညီ ပေးလေ့ရှိ၏။ နောက်ပိုင်းတွင် သူသည် ကြွေးအများအပြား တင်လာခဲ့သည်။ သူသည် စာအုပ်များကို တိုး၍ ရေးသားလာရ၏။ နောက်ထပ် ငွေရအောင် လုပ်လာခဲ့ရလေသည်။

အလက်ဇန်းဒါးဒူးမား၏ အထင်ရှားဆုံး စာအုပ်များမှာ The Three Musketeers (၁၈၄၄)၊ Twenty Years After (၁၈၄၅)၊ The Count of Monte Cristo (၁၈၄၄-၁၈၄၅)၊ The Viscount of Bragelonne (၁၈၄၄-၁၈၅၀) နှင့် The Black Tulip (၁၈၅၀) တို့ ဖြစ်ကြ၏။

ဒူးမားသည် ၁၈၇၀-ခုနှစ်၊ ဒီဇင်ဘာလ (၅) ရက်နေ့တွင် ပြင်သစ်နိုင်ငံမြောက်ပိုင်း ဒိုင်းယက်ပ်အနီးရှိ ပါစ်မြို့၌ အသက် (၆၀) အရွယ်တွင် ကွယ်လွန်သွားခဲ့၏။

ညီခင်ဆွေ့ဘတ်လမ်းနှင့် ပတ်သက်၍

အချိန် - ၁၆၇၁ ခုနှစ်မှ ၁၆၇၃ ခုနှစ်
နေရာ - နယ်သာလင်နိုင်ငံ

ဆယ့်ကိုးရာစု အလယ်လောက်တွင် ဒူးမားသည် နယ်သာလင်နိုင်ငံနှင့် ပတ်သက်သော စိတ်ဝင်စားစရာ အဖြစ်အပျက်နှစ်ခုကို ကြားသိခဲ့ရ၏။ ယင်းအဖြစ်အပျက်များသည် ဆယ့်ခုနစ်ရာစုက နယ်သာလင်နိုင်ငံနှင့် ပတ်သက်သော အဖြစ်အပျက်များဖြစ်သည်။ ထိုအခါတွင် ဒူးမားသည် ၁၆၇၀ ဆယ်စုနှစ်များအတွင်း နယ်သာလင်နိုင်ငံအကြောင်း ဝတ္ထုတစ်ပုဒ်ကို ကိုယ်တိုင် ရေးသားခဲ့၏။ သူက ထို စိတ်ဝင်စားစရာ အဖြစ်အပျက်နှစ်ခုကို သူ၏ဝတ္ထုတွင် ထည့်သွင်းရေးသားခဲ့သည်။

ယင်းအဖြစ်အပျက်နှစ်ခုအနက် တစ်ခုမှာ ဂျွန်ဒီဝစ် နှင့် ကော်နဲလီယပ်စ်ဒီဝစ် ညီအစ်ကိုနှစ်ဦး၏ အကြောင်းဖြစ်၏။ ထိုညီနောင်နှစ်ဦးတို့သည် ဆယ့်ခုနစ်ရာစုက ဟော်မြို့တွင် နေထိုင်ခဲ့ကြသည်။ သူတို့သည် ဒတ်ချ်သမ္မတနိုင်ငံ၏ အစိုးရအဖွဲ့ဝင် ခေါင်းဆောင်များ ဖြစ်ကြ၏။

ထိုအချိန်က နယ်သာလင်အား နိုင်ငံတစ်နိုင်ငံက ပိုင်ဆိုင်ထားသည်။ တောင်ပိုင်းဒေသအား စပိန်က နစ်ပေါင်းများစွာကြာအောင် ပိုင်ဆိုင်ထားခဲ့၏။ ယင်းမှာ စပိန်အုပ်စိုးသော နယ်သာလင်ဖြစ်သည်။ သို့သော် ပြင်သစ်ကလည်း ထိုနယ်မြေကို အလိုရှိနေလေရာ ၁၆၆၈-ခုနှစ်တွင် ပြင်သစ်

တို့က ထိုဒေသ၏ နယ်မြေအတော်များများကို သိမ်းယူလိုက်၏။ ယနေ့ခေတ်တွင်မူ ထိုဒေသ၏ နယ်မြေအများစုအား ဘယ်လ်ဂျီယန်နိုင်ငံဟု ခေါ်ကြသည်။ မြောက်ပိုင်းဒေသသည် ဒတ်ချ်သမ္မတနိုင်ငံ ဖြစ်၏။ ဤသမ္မတနိုင်ငံတွင် ခုနစ်ပြည်ထောင်စု ပူးပေါင်းပါဝင်သည်။ ယင်းပြည်ထောင်စုများမှာ ဟော်လန်၊ ဇီးလန်၊ ဥတရက်၊ ဂဲဒါလင်၊ ဖရိုင်းစ်လင်း၊ ဂရိုနင်ဂျင်နှင့် အိုဗဲရိုက်ဆဲတို့ ဖြစ်ကြ၏။ ဒတ်ချ်သမ္မတနိုင်ငံအား ခုနစ်ပြည်ထောင်စု သမ္မတနိုင်ငံဟုလည်း ခေါ်တတ်ကြသည်။ ယနေ့ခေတ်တွင်မူ ဤဒေသအား တစ်ခါတစ်ရံ ဟော်လန်ဟု ခေါ်ကြပြီး တစ်ခါတစ်ရံတွင် နယ်သာလန်ဟု ခေါ်ကြ၏။ ဟော်မြို့သည် ခုနစ်ပြည်ထောင်စု၏ မြို့တော်ဖြစ်သည်။

၁၆၇၀ ဆယ်စုနှစ်များတွင် ခုနစ်ပြည်ထောင်စုအတွင်းတွင် ပြဿနာများ ပေါ်ပေါက်လာခဲ့၏။ လူအများအပြားကပင် အစိုးရအာဏာကို လိုလားနေကြသည်။ စောစောပိုင်းကမူ ခုနစ်ပြည်ထောင်စုအား အုပ်ချုပ်သူသည် ဘုရင်ခံချုပ်ဖြစ်၏။ သို့သော် နှစ်အတန်ကြာအောင် ဘုရင်ခံချုပ်မရှိဘဲ ဖြစ်နေခဲ့သည်။ ၁၆၇၀-နှစ်များတွင် ပြည်သူအချို့က ဘုရင်ခံချုပ်အာဏာကို လိုလားနေကြ၏။ သူတို့က အောရိန်းမင်းသား ဝီလျံကို ဘုရင်ခံချုပ် ဖြစ်စေလိုကြသည်။ သို့သော် အခြားသူအချို့ကမူ ဘုရင်ခံချုပ်ကို မလိုလားကြပေ။ သူတို့က ပြင်သစ်နိုင်ငံ၏ ဆယ့်လေးဆက်မြောက် လူဝီဘုရင်ကိုသာ ဘုရင်ဖြစ်စေလိုနေကြ၏။

ပြုန်ဒဝစ်နှင့် ကော်နဲလ်လီယပ်စ်ဒီဝစ်တို့သည် ဘုရင်ခံချုပ် အာဏာကို မလိုချင်ကြပေ။ သူတို့က အောရိန်းမင်းသား

အား ဆန့်ကျင်ခဲ့ကြ၏။ သို့သော် လူအများစုကမူ အစိုးသစ်တစ်ရပ်ကို လိုလားနေကြသည်။ သူတို့က ဒီဝစ်ညိအစ်ကိုအား ထောင်သွင်း အကျဉ်းချထားလိုက်ကြ၏။ ၁၆၇၂-ခုနှစ်၊ သြဂုတ်လ (၂၇) ရက်နေ့တွင် ဒေါသထွက်နေကြသော လူအုပ်ကြီးက ထိုညီအစ်ကိုနှစ်ဦးအား သတ်ဖြတ်လိုက်ကြသည်။ ထို့ပြင် ၁၆၇၂-ခုနှစ်တွင် အောရိန်းမင်းသား ဝိလျံသည် ဒတ်ချ်သမ္မတနိုင်ငံ၏ ဘုရင်ခံချုပ်ဖြစ်လာခဲ့၏။

ဒတ်ချ်သမ္မတနိုင်ငံသည် ၁၆၇၂-ခုနှစ်မှ ၁၆၇၈-ခုနှစ်တိုင် ပြင်သစ်၊ အင်္ဂလန်နိုင်ငံတို့နှင့် စစ်မက်ဖြစ်ပွားနေခဲ့သည်။ ပြင်သစ်စစ်တပ်က ဒတ်ချ်စစ်တပ်အား တိုက်ခိုက်ခဲ့၏။ ကုန်းရော ရေပြင်တွင်ပါ စစ်ပွဲများ ဖြစ်ပွားခဲ့သည်။ ၁၆၇၇-ခုနှစ်တွင် အောရိန်းမင်းသား ဝိလျံသည် အင်္ဂလိပ်မင်းသမီးတစ်ပါးနှင့် လက်ဆက်ခဲ့၏။ ၁၆၈၉-ခုနှစ်တွင် မင်းသား ဝိလျံသည် အင်္ဂလန်၊ စကော့တလန်နှင့် အိုင်ယာလန်တို့၏ ဘုရင်ဖြစ်လာခဲ့ပြီး ဗြိတိန်သို့ ပြောင်းရွှေ့လာခဲ့သည်။

(၁၇) ရာစုနှစ်မှာပင် နယ်သာလင်ရှိ လူအများအပြားပင် ကျူးလစ်ဂမုန်းပင်များကို စိုက်ပျိုးခဲ့ကြ၏။ ပထမဆုံး ကျူးလစ်ဂမုန်းပင်အား ၁၅၇၁-ခုနှစ်တွင် တူရကီမှ နယ်သာလင်သို့ ယူဆောင်လာခဲ့ခြင်းဖြစ်သည်။ မကြာမီမှာပင် နယ်သာလင်ရှိ လူတိုင်း ထိုဂမုန်းပန်းများကို စိုက်ပျိုးလာခဲ့ကြ၏။ လူတိုင်းပင် ကျူးလစ်ပန်းများကို လိုချင်ခဲ့ကြ၏။ ကျူးလစ်ပန်းများအကြောင်း ဝတ္ထုများ၊ သီချင်းများ၊ ကဗျာများ ရေးဖွဲ့သီကုံးခဲ့ကြသည်။

နယ်သာလင်ရှိ မြေသည် မြေသြဇာကောင်း၏။ ကျူးလစ်ဂမုန်းပန်းများ ထိုဒေသတွင် ကောင်းစွာဖြစ်ထွန်း

သည်။ (၁၇) ရာစုမှစ၍ ဒတ်ချတ်လူမျိုး ထောင်ပေါင်းများစွာသည် ကျူးလစ်ဂမုန်းပန်းများကို စိုက်ပျိုးခဲ့ကြ၏။ သူတို့က ကျူးလစ်ဂမုန်းပန်းများအား နွေဦးကာလတွင် မြေတွင် ချ၍ စိုက်ပျိုးတတ်ကြသည်။ နွေရာသီရောက်သောအခါ မြေကြီးထဲမှ ကျူးလစ်ဂမုန်းပန်းဥများကို တူးထုတ်ယူလိုက်ကြ၏။ သူတို့က ဥများကို အခြောက်ခံရာ အခန်းတွင်း ထည့်ထားလိုက်ကြသည်။ ထို့နောက်တွင် ဥများကို ဆောင်းဥတုတွင် မြေပြင်၌ ချ၍ စိုက်ပျိုးထားလိုက်ကြ၏။ ကျူးလစ်ဂမုန်းပန်းများသည် နွေဦးကာလတွင် တစ်ဖန်ပွင့်လာကြပြန်သည်။

ကျူးလစ်ဂမုန်းပန်းများသည် အရောင်အသွေးမျိုးစုံရှိ၏။ (၁၇) ရာစုနှစ်တွင်ပင် လူအများအပြားသည် အနက်ရောင် ကျူးလစ်ပန်းများ စိုက်ပျိုးနိုင်ရန် အားထုတ်ခဲ့ကြသည်။ ပထမဆုံး အနက်ရောင် ကျူးလစ်ဂမုန်း စိုက်ပျိုးနိုင်သူသည် ဆုငွေအမြောက်အမြား ရရှိနိုင်ပေသည်။

၁၈၄၀-ခုနှစ်များတွင် ဒူးမားသည် ဒိဝစ်ညီအစ်ကို အကြောင်း ဖတ်ရှုလေ့လာခဲ့ရ၏။ ထို့ပြင် နယ်သာလင်မှ ကျူးလစ်ပန်းများနှင့် ပတ်သက်သော ဓာတ်လမ်းများကိုလည်း ကြားသိခဲ့ရ၏။ ထိုအခါတွင် သူသည် အချစ်စွန့်စားခန်းဝတ္ထုတစ်ပုဒ်ကို ရေးထုတ်ခဲ့သည်။ သူက ယင်းဝတ္ထုအား ဂမုန်းနက် (The Black Tulip) ဟု မှည့်ခေါ်ခဲ့လေသည်။


Flower
(ပန်းပွင့်)
a shoot
(အဝေတက်)
a bulb
(ဥ)
a bud
(အရွှေး)
Leaves
(အရွက်)
a pot
(ပန်းအိုး)
a tulip
(ကျွဲစေပါပန်းပင်)
a telescope
(အဝေးကြည့်မှန်ပြောင်း)
a coach and horses
(မြင်းရထား)

ကော်ခဲလ်လီးယပ်စ် မန်ဘောဇင်

အိုက်ဆက်ဘောက်စ်တဲလ်

ကော်ခဲလ်လီးယပ်စ် ဒီဝင်

ဂျန်ဒီဝင်

ဂရိုဖပ်စ်

ဂိုဆာ

ကာဇရ

အောဒိုနမင်းသား ဝီဂျ်

ပန်းဆိုက်စတန်

အခန်း(၁)

ဂမုန်းနက်စိုက်ပျိုးသူနှစ်ဦး



ကြည်ချက်

ဂမုန်းစိုက်ပျိုးသူအားလုံးသို့
ဂမုန်းအနက်ရောင်ကို စိုက်ကြလော့
ဆုကြိုးကိုဆွတ်ခူးကြပါလေ။
ဆုငွေ ဂီလ်ဒါတစ်သိန်းတိတိ။

ဗန်ဆိုက်စတိန်း
ပန်းစိုက်သူများအသင်းဥက္ကဋ္ဌ၊
ဟာလမ်မြို့။

၁၆၇၁ ခုနှစ် နိဝင်ဘာလထဲတွင်ဖြစ်သည်၊ နှစ်ပြည့်ထောင်

စသမ္မတနိုင်ငံရှိ မြို့အားလုံးတွင် နေထိုင်ကြသောလူများသည် ဤကြည်ချက်ကို ဖတ်ရှုကြရ၏။ ယင်းသို့ ဖတ်ရှုကြရသူများ အနက် နှစ်ဦးသောပုဂ္ဂိုလ်တို့သည် ဒေါ်မြို့တွင်နေထိုင်နေကြသည်။ သူတို့၏ အမည်များမှာ အိုက်ဆက်ဘောက်စ်တယ် နှင့်ကော်နဲလီးယပ်စ်ဗန်ဘေး ဟူ၍ဖြစ်ကြလေသည်။

ကော်နဲလီးယပ်စ်ဗန်ဘေးသည် လူငယ်တစ်ဦးဖြစ်သည်။ သူသည် အသက်နှစ်ဆယ့်ငါးနှစ်ရှိပြီဖြစ်၏။ သူသည် ပညာတတ်တစ်ဦးဖြစ်ပြီး အလွန်လည်းချမ်းသာကြွယ်ဝလေသည်။ သူက ပန်းများကိုမြတ်နိုးတတ်၏။ ထို့ထက် သူသည်တစ်ခြားသောပန်းအားလုံးထက် နှင်းပန်းဂမုန်းကို ပို၍မြတ်နိုးလေသည်။ သူက လှပသော ဂမုန်းပန်းများကို စိုက်ပျိုးထားခဲ့၏။

ကော်နဲလီးယပ်စ်ဗန်ဘေးသည် ကြွယ်ဝချမ်းသာသော်လည်း သူသည် အလုပ်ကိုအပတ်တကုတ်ကြိုးစားလုပ်ကိုင်ခဲ့၏။ သူက ပြူတင်းပေါက်ကျယ်ကြီးများပါသော အခန်းတစ်ခန်းကို အထူးတည်ဆောက်ထားခဲ့သည်။ ယင်းအခန်းသည်သူ၏ပန်းမျိုးများအခြောက်ခံသိုလှောင်ထားရာ အခန်းဖြစ်ပေသည်။ ကော်နဲလီးယပ်စ်သည် သူ၏ဥယျာဉ်ထဲတွင် ဂမုန်းပန်းများကို စိုက်ပျိုးထားခဲ့၏။ နွေရာသီသို့ရောက်သောအခါ သူက ဂမုန်းပန်းပွင့်များကို သူ၏အခြောက်ခံသိုလှောင်ရာအခန်းထဲတွင် သိမ်းဆည်းထားလေ့ရှိသည်။ ယင်းအထူးစီမံထားသောအခန်းတွင် ဘီဒိုနှင့်အဆွဲ အမြောက်အမြားထားရှိထားပေသည်။

"အနက်ရောင် ဂမုန်းပန်းမျိုး ငါစိုက်လို့ပါရမလား" ကော်နဲလီးယပ်စ်က သူကိုယ်သူမေးကြည့်နေခဲ့၏။ "ဟုတ်ပြီ ငါအနေနဲ့ နက်ပြာရောင် ဂမုန်းတွေ စိုက်လို့ရခဲ့ပြီးပြီ။ ညိုနေတဲ့ အနီရောင်ဂမုန်းတွေကိုလည်း စိုက်လို့ရပြီးပြီ အခု ငါအနက်ရောင် ဂမုန်းပန်းစိုက်ကြည့်ရမယ်။ ဒီအလုပ်က အတော်တော့ခက်ခဲမှာပဲ။ ဒါပေမဲ့

ဒီဆုငွေကို ငါရသွားနိုင်တယ်"

"ဟုတ်တယ်။ ဒီဆုငွေ ဂီလ်ဒါတစ်သိန်းကို ငါရအောင်လုပ်မယ်" ကော်နဲလီးယပ်စ်ကသူ့ကိုယ်သူပြောလိုက်၏။ "ဒါပေမဲ့ ဒီငွေတွေ အားလုံးကိုတော့ ငါမလိုချင်ပါဘူး။ ဒေါ်မြို့မှာရှိတဲ့ ဆင်းရဲသားတွေကို ဂီလ်ဒါငါးသောင်းပေးပစ်လိုက်မယ်။ အဲဒီနောက် ငါဧရိုးလျှောက်သွားမယ်။ ဂမုန်းပန်းမျိုးတွေ ထပ်ရှာမယ်"

ကော်နဲလီးယပ်စ်ဗန်ဘေးနှင့် အိုက်ဆက်ဘောက်စ်တဲလ်တို့သည် အိမ်နီးချင်းများဖြစ်ကြသည်။ သို့သော် သူတို့သည် ခင်ခင်မင်မင် ရင်းရင်းနှီးနှီးရှိသူများမဟုတ်ပေ။ အိုက်ဆက်သည် ကော်နဲလီးယပ်စ်အား မလိုတမာစိတ်ထားရှိနေခဲ့၏။

"ကော်နဲလီးယပ်စ်ဗန်ဘေးကို ငါကြည့်မရဘူး" အိုက်ဆက်က သူဘာသာပြောလိုက်၏။ "သူကဘာဖြစ်လို့ ဂမုန်းပန်းတွေ စိုက်ပျိုးရတာလဲ သိပ်ပညာရှင်တစ်ယောက်ပဲ သိပ်လည်းချမ်းသာတယ်။ သူမှာက နောက်ထပ်ငွေရဖို့လိုတာမှမဟုတ်တာ။"

အိုက်ဆက်ဘောက်တဲလ်သည် အသက်အရွယ်ရနေပြီဖြစ်သော လူတစ်ယောက်ဖြစ်ပါသည်။ သူတွင်သွယ်သောမျက်နှာ၊ ဖြူဖွေးနေသောဆံပင်တို့ရှိကြ၏။ သူသည် ဒေါ်မြို့တွင် ဂမုန်းစိုက်ပျိုးရာ၌ အတော်ဆုံးလူတစ်ယောက်ဖြစ်သည်။ သူသည် နှစ်ပေါင်းများစွာ

ကြာအောင်လုပသော ဂမုန်းပန်းများကို စိုက်ပျိုးခဲ့ပေသည်။

"ငါတစ်ခါမှ အနက်ရောင်တူးလစ်ပန်းကိုမမြင်ဘူးခဲ့သေးဘူး" အိုက်ဆက်က သူဘာသာပြောနေမိ၏။ "ဒါပေမဲ့ ဒီဆုငွေ ဆွတ်ခူးနိုင်ဖို့ ငါကြိုးစားမယ်။ အနက်ရောင်ဂမုန်းပန်းကို ငါစိုက်ကြည့်မယ်။ ငါက ဆင်းရဲတဲ့လူ ဒီဆုငွေ ဂီလ်ဒါတစ်သိန်းကို ငါလိုချင်တယ်"

"ကော်နဲလီးယပ်စ်ဗန်ဘေးက အင်မတန်လှပတဲ့ ဂမုန်းပန်းတွေ အတော်များများစိုက်ခဲ့ဖူးတယ်" အိုက်ဆက်က တွေးကြည့်နေခဲ့၏။ "ဒါပေမဲ့ သူတစ်ခါမျှ အနက်ရောင်ဂမုန်းပန်းကိုတော့ မစိုက်ခဲ့ရသေးဘူး။ ငါ အနက်ရောင်ဂမုန်းပန်းကိုစိုက်မယ်။ နောက်ပြီး ဒီဆုကို ရအောင်လုပ်မယ်။ ဒါဆိုရင် ငါလည်းချမ်းသာပြီ "

နေ့တိုင်းပင် အိုက်ဆက်ဘောက်စ်တဲလ်သည် ကော်နဲလီးယပ်စ်ဗန်ဘေးဥယျာဉ်ထဲတွင် အလုပ်လုပ်နေသည်ကို တွေ့မြင်နေရ၏။ တစ်နေ့တွင် အိုက်ဆက်က အဝေးကြည့်မှန်ပြောင်းတစ်လက်ဝယ်ယူလိုက်၏။ ထို့နောက်တွင် ကော်နဲလီးယပ်စ်အားစောင့်ကြည့်၏။ သူ၏ အခြောက်ခံသိုလှောင်ရာ အခန်းတွင်းရှိနေစဉ်မှာလည်း သူက စောင့်ကြည့်နေခဲ့၏။

၁၆၇၁ ခုနှစ်ဆောင်းတွင်းသို့ ရောက်သောအခါ ကော်နဲလီးယပ်စ်ဗန်ဘေးသည် စိုက်ပျိုးရေးအလုပ်ကို အပတ်တကုတ်

အားထုတ်လုပ်ကိုင်နေခဲ့၏။ သူကအနက်ရောင် ဂမုန်းပန်းအား စမ်းသပ်နိုက်ယူးနေခြင်းဖြစ်ပေသည်။

■

အခန်း(၂)
အဆုတ်ကလေးထစ်ဆုတ်

တစ်နေ့တွင် ကော်နဲလီးယပ်စ်ဇန်ဘေးထံသို့ ညည်သည် တစ်ဦး ရောက်ရှိလာခဲ့သည်။ အမျိုးသားတစ်ဦးဖြစ်ပါသည်။ ထိုသူ၏အမည်မှာ ကော်နဲလီးယပ်စ်ဒီဝစ်ဖြစ်သည်။ ကော်နဲလီးယပ်စ်ဒီဝစ်သည် အလွန် အရေးပါအရာရောက်သူ ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ သူသည် ဓနစ်ပြည်ထောင်စုသမ္မတနိုင်ငံ အစိုးရအရာရှိတစ်ဦးဖြစ်ပေသည်။

ကော်နဲလီးယပ်စ်ဒီဝစ်၏အစ်ကို ဂျွန်ဒီဝစ်သည်လည်းအရေးပါ အရာရောက်သူ တစ်ဦးဖြစ်လေသည်။ သူသည် ဓနစ်ပြည်ထောင်စု သမ္မတနိုင်ငံ၏ အစိုးရအဖွဲ့ခေါင်းဆောင်ဖြစ်၏။

ထိုဒီဝစ်ညီအစ်ကိုတို့သည် ပြည်ထောင်စုသမ္မတနိုင်ငံ၏ မြို့တော် ဖြစ်သော ဟိတ်ဂ်မြို့တွင်နေထိုင်ကြ၏။ သို့သော် ကော်နဲလီးယပ်စ်ဒီဝစ် သည် ဒေါ်မြို့တွင်လည်း အိမ်တစ်လုံးပိုင်ဆိုင်ထားပေသည်။ ထို့ပြင် ကော်နဲလီးယပ်စ်ဒီဝစ်သည် ကော်နဲလီးယပ်စ်ဇန်ဘေး၏ အုပ်ထိန်း သူဖြစ်သည်။ ထိုသူငယ်၏ ဖခင်သည် ကွန်လွန်သွားခဲ့ပြီဖြစ်၏။

၁၆၇၂ ခုနှစ် စန်နဝါရီလ တစ်ညနေစင်းတွင် ထိုလူနှစ်ယောက်တို့ တွေ့ဆုံခဲ့ကြ၏။ သူတို့သည် ဒေါ်မြို့ရှိ ကော်နဲလီးယပ်စ် ဗန်ဟေး၏ အိမ်တွင်တွေ့ဆုံခဲ့ကြခြင်းဖြစ်သည်။ ကော်နဲလီးယပ်စ်ဒီဝစ်က တိုင်းရေးပြည်ရေးနှင့် ပတ်သက်၍ ပြောဆိုဆွေးနွေးခဲ့၏။ သူက ပြည်ထောင်စုသမ္မတနိုင်ငံအစိုးရအဖွဲ့၏ ခေါင်းဆောင်ဖြစ်သည့် သူ၏အစ်ကိုဂျွန် အကြောင်းနှင့်ပတ်သက်၍ ပြောဆိုဆွေးနွေးခဲ့၏။

"ကျွန်တော် တောင်းပန်ပါတယ် ဦး" လူငယ် ကော်နဲလီးယပ်စ်က ပြောလိုက်ပါသည်။ ကျွန်တော် တိုင်းရေးပြည်ရေးကို စိတ်မဝင်စားပါဘူး။ ကျွန်တော်က ဂမုန်းပန်းတွေ စိုက်ရတာကို စိတ်ဝင်စားတာပါ။ ကျွန်တော်ရဲ့ မျိုးဥအခြောက်ခံတဲ့အခန်းကို လိုက်ကြည့်လည့်ပါဆုံး။ ကျွန်တော်ဦးကို ပန်းဥတွေပြပါမယ်။"

အိုက်ဆက်ဟောက်စ်တဲလ်ကဗန်ဟေး၏ အိမ်အား အဝေးကြည့်မှန်ပြောင်းမှတစ်ဆင့် စောင့်ကြည့်နေလျက်ရှိ၏။ သူသည် ကော်နဲလီးယပ်စ်၏ အခြောက်ခံသိုလှောင်ထားရာ အခန်းတွင်းတွင် အလင်းရောင် အရိပ်ထွက်နေသည်ကိုတွေ့လိုက်ရသည်။ ဖယောင်းတိုင်များမှ အလင်းရောင်ဖြစ်ပေသည်။ ထို့နောက်တွင် အိုက်ဆက်သည် အခြောက်ခံရာအခန်းထဲတွင် လူနှစ်ဦးရှိနေသည်ကို ခြင်လိုက်ရ၏။ သူက သူတို့ကို မြင်နေရသော်လည်း သူတို့ စကားပြောနေသည်ကို မကြားရပေ။

ကော်နဲလီးယပ်စ်ဒီဝစ်က ထိုသူငယ်အား အထုတ်တစ်တုပ်ပေးလိုက်သည်ကို အိုက်ဆက်တွေ့လိုက်ရ၏။ လူငယ်ကော်နဲလီးယပ်စ်က ထိုအထုပ်ကိုဖွင့်မကြည့်

ခဲ့ပေ။ သူကထိုအထုပ်အား အံဆွဲတစ်နအတွင်းတွင် သေသေချာချာ ထည့်သွင်း သိမ်းဆည်းထားလိုက်ပါသည် မကြာမီမှပင် ထိုသွန်ဦး တို့သည် အစန်းမှ ထွက်ခွာသွားခဲ့ကြ၏။

"ဒီအထုပ်ထဲမှာ လျှို့ဝှက်ချက်တွေရှိမှာပဲ။" အိုက်ဆက်က သူဘာသာ ပြောလိုက်၏။ "တစ်နေ့ကျရင် ဒီလျှို့ဝှက်ချက်တွေက ကော်နဲလီးယပ်စ်ဓနဘေားကို ဒုက္ခပေးလိမ့်မယ်။"

နောက်တစ်နေ့ရောက်သောအခါ ကော်နဲလီးယပ်စ်ဒီဝစ်သည် ဟိတ်ဂ်မြို့သို့ ပြန်လည်ထွက်ခွာသွားခဲ့၏။ ယင်းနောက် လူငယ် ဖြစ်သူ ကော်နဲလီးယပ်စ်ဓနဘေားသည် များမကြာမီမှာပင် ထိုအထုပ် နှင့် ပုတ်သက်၍ မေ့မေ့လျော့လျော့ဖြစ်သွားခဲ့လေသည်။ လူငယ် ကော်နဲလီးယပ်စ်သည် ထိုအထုပ်ကိုစိတ်မဝင်စားခဲ့ပေ။ သူက သူ နိုက်ဖျိုးထားသော ဂမုန်းပန်းများကိုသာ စိတ်ဝင်တစားရှိနေခဲ့၏။

■

လပေါင်းအတော်ကြာအောင်ကော်နဲလီးယပ်စ်သည် အပြင်း အထန်အလုပ်လုပ်ခဲ့ရ၏။ ဩဂုတ်လအတွင်းသို့ ရောက်သောအခါ တွင် သူသည် ထူးခြားသည့်ပန်းဥကြီးတစ်ခုရရှိလာခဲ့၏။ ယင်းပန်းဥ ကြီးမှ ဥငယ်သုံးလုံး တိုးထွက်ပေါက်ရောက်လျက်ရှိနေပေသည်။

သူငယ်က ထိုထူးခြားသည် ပန်းဥကြီးကိုကြည့်လိုက်ပါသည်။ "ဒီဥငယ်သုံးခုက အနက်ရောင်တူးလစ်တွေပေါက်လာလိမ့်မယ်။ ဒါသေချာတယ်" ဟု သူက သူဘာသာပြောလိုက်၏။

သူကဥကြီးအား အခြောက်ခံရောအခန်းကို ယူဆောင်သွားလိုက်၏။ သူက ဂရုတစိုက်ဖြင့် ဥငယ်သုံးခုအားဥကြီးမှ ခွဲထုတ်လိုက်ပါသည်။

"နောက်မိုးဦးလောက်ဆိုရင် ငါ့မှာ အနက်ရောင်ဂမုန်းရှိနေပြီ" သူကတွေးနေမိ၏။ "ဒီနေ့က ၁၆ဂု၂ ခုနှစ်၊ ဩဂုတ်လ ၂၀ရက်နေ့။

နိုဝင်ဘာလကျရင် ဒီပန်းဥကလေးသုံးခုကိုမြေမှာစိုက်ရမယ်။ အဲဒီနောက် ၁၆၇၃ ခုနှစ် ဖြိုလကုန်လောက်ကျရင် ငါ့မှာ အနက်ရောင် ဂမုန်းပန်းရနေပြီ "

■

အခန်း (၃)
ဖိတ်စ်အတျှဉ်းစောင်

သူငယ်ကော်နဲလီးယပ်စ်သည် ဒေါ်မြို့တွင် ပျော်ပျော်ရွှင်ရွှင်ရှိနေခဲ့၏။ သူသည် သူ၏ ဂမုန်းပန်းများအကြောင်းတွေးပြီး ပျော်ရွှင်နေရှာ၏။ သို့သော် ဟိတ်ဂ်မြို့တွင်မူ ကြောက်မက်ဖွယ်ရာအခင်းများဖြစ်ပွားလျက်ရှိနေပေသည်။

ရုတ်တရက်ဆိုသလိုပင် ဓနစ်ပြည်ထောင်စု သမ္မတနိုင်ငံမှ ပြည်သူများသည် သူတို့၏အစိုးရအဖွဲ့အား ပြောင်းလဲစေချင်လာခဲ့ကြ၏။ သူတို့က ဂျွန်ဒီဝစ်အားမလိုလားတော့ပေ။ ခေါင်းဆောင်သစ်တစ်ယောက်ကို လိုလားကြ၏။ များမကြာမီမှာပင်ပြည်သူများသည် ဂျွန်ဒီဝစ်အား အလွန်အလွန်ပင်မနစ်မြှိုနိုင်အောင် ရှိနေခဲ့ကြပြီး သူ၏ညီဖြစ်သူ ကော်နဲလီးယပ်အားလည်း မမှဆိတ်နိုင်အောင်ဖြစ်လာခဲ့ကြသည်။

"ဒီဝစ်ညီနောင်တွေဟာ ပြင်သစ်ဘုရင်ရဲ့ မဟာမိတ်တွေဖြစ်တယ်" ပြည်သူများက အော်ဟစ်ကြွေးကြော်ခဲ့ကြ၏။ "ပြင်သစ်နိုင်ငံ

ဟာ ငါတို့ရဲ့ရန်သူ" ကျွန်တော်တို့ ဒီဝစ်တွေကို မုန်းတီးနေကြပြီ။ ကျွန်တော်တို့ ခေါင်းဆောင်သစ်လိုချင်တယ်။ ကျွန်တော်တို့မင်းသားဝီလျံကိုလိုလားတယ်။ သူကငယ်ရွယ်တယ်။ ကြံ့ခိုင်တယ်။ သူသာ ကျွန်တော်တို့ရဲ့ ခေါင်းဆောင်ဖြစ်လာသင့်တယ်။ ဒါဆို စုနစ်ပြည်ထောင်စုသမ္မတနိုင်ငံ ဟာလည်းကြံ့ခိုင်တောင့်တင်းတဲ့ နိုင်ငံဖြစ်လာလိမ့်မယ်။

ဟီတ်ဂ်မြို့တွင်မူ လူများက ထူးထူးဆန်းဆန်းအဖြစ်အပျက်များအကြောင်းပြောဆိုနေခဲ့ကြ၏။

ဟီတ်ဂ်မြို့တွင်မူ လူများက ကောလဟာလသတင်းအများအပြားကိုလွှင့်လျက်ရှိ၏။ မည်သူမျှ အမှန်အများကို ခွဲခြားမသိကြချေ။

"ကော်နဲလီးယပ်စ်ဒီဝစ်က မင်းသားဝီလျံကို လုပ်ကြံချင်နေတာ" လူများကပြောဆိုနေကြ၏။ "ကော်နဲလီးယပ်စ်ကို ဟီတ်ဂ် အကျဉ်းထောင်ပို့ပစ်။ သူကိုအပြစ်ပေးပါ။ သူကိုအကျဉ်းချပြီး ညှင်းပမ်းနှိပ်စက်ပေးပါ။ သူရဲ့အကြံအစည်တွေကိုဖော်ထုတ်ကြ။ ပြီးတော့ သူကို စုနစ်ပြည်ထောင်စုသမ္မတနိုင်ငံကနေ အဝေးကိုနှင်ထုတ်ပစ်"

သို့ဖြင့် ကော်နဲလီးယပ်စ်ဒီဝစ်အား ဟီတ်ဂ်မြို့အကျဉ်းထောင်သို့ ခေါ်ဆောင်သွားခဲ့ကြ၏။ အကျဉ်းထောင်တွင်သူအား စစ်သားများက နှိပ်စက်ညှင်းပမ်းခဲ့ကြသည်။ ကော်နဲလီးယပ်စ်သည် ဖြောင့်မတ်သောသူတစ်ဦးဖြစ်ပြီး ရဲစွမ်းသတ္တိရှိသူလည်းဖြစ်၏။ စစ်သားများက သူ့အားဆိုးဆိုးဝါးဝါး အနာတရဖြစ်အောင် လုပ်ဆောင်ခဲ့ကြသည်။ ခံစားရသည့် နာကျင်မှုဝေဒနာသည် ကြောက်စရာလိလိပင်၊ သို့သော် သူကစစ်သားများအားသူ၏ အကြံအစည်နှင့် ပတ်သက်၍ဖွင့်ဟဝန်ခံခြင်းမပြုခဲ့ပေ။

နောက်ဆုံး၌ စစ်သားများက ကော်နဲလီးယပ်စ်အား တရား[illegible]းတစ်ရုံးသို့ခေါ်ဆောင်သွားခဲ့ကြသည်။ တရားသူကြီးက သူ့အား [illegible]နဲ့ ၂မှတ်ခဲ့၏။

နောက်တစ်နေ့မှာပင်၊ ဂျွန်ဒီဝစ်နှင့် သူ၏အစေခံတို့သည် ဟီတ်ဂ်အကျဉ်းထောင်ရှိရာသို့လာခဲ့ကြ၏။ သူတို့က အကျဉ်းထောင်မှ ကော်နဲလီးယပ်စ်ကို ခေါ်ဆောင်သွားကြရန်ဖြစ်သည်။ ထို့နောက် သူတို့ သုံးဦးသည် တိုင်းပြည်မှ ထွက်ခွာသွားကြရန်ဖြစ်လေသည်။

အကျဉ်းထောင်၏ ထောင်မှူးကို ဂရီးဖပ်စ်ဟုခေါ်ပါသည်။ သူသည် စိတ်ထားမကောင်းသူ အဖိုးအိုတစ်ဦးဖြစ်သည်။ ဂရီးဖပ်စ်တွင် လုပ်ရောမောသောသမီးတစ်ယောက်ရှိ၏။ သူမသည် အသက်တစ်ဆယ်ဓနစ်နှစ်အရွယ်ရှိပြီဖြစ်ပြီး သူမက ဖခင်ဖြစ်သူအား အကျဉ်းထောင်အလုပ်များတွင် ကူညီလုပ်ကိုင်ပေးနေခဲ့သည်။

"ဂွတ်မောနင်းဂရီးဖပ်စ်" ဗျွန်ဒီဝစ်က ထောင်မှူးအဖိုးကြီးအားပြောပြလိုက်ပါသည်။ "တရားသူကြီးရဲ့ အမိန့်စာပါလာပါတယ်ကြည့်ပါ။ ကျွန်တော့်ညီဟာ အစုဆိုရင်အကျဉ်းသားတစ်ယောက်မဟုတ်တော့ပါဘူး။ ကျွန်တော် ဒီနေ့ပဲ သူ့ကိုအကျဉ်းထောင်ကနေခေါ်သွားမယ်"

ဂရီးဖပ်စ်နှင့်သူ၏သမီးတို့က ဗျွန်ဒီဝစ်အား သူညီရှိရာ အဈေးပန်းသို့ခေါ်ဆောင်သွားခဲ့ကြ၏။ ဂရီးဖပ်စ်က အခန်းသော့ကို ဖွင့်ပေးလိုက်ပါသည်။ ထို့နောက် အဝေးသို့ရောင်ထွက်သွားခဲ့၏။

ဗျွန်ဒီဝစ်က ဂရီးဖပ်စ်၏ သမီးကိုကြည့်လိုက်ပြီးပြုံးပြလိုက်ပါသည်။

"မင်းနာမည်က ဘယ်လိုခေါ်သလဲ၊ ကလေးမ" ဗျွန်ဒီဝစ်က သူမ အားမေးလိုက်၏။

"ကျွန်မနာမည်က ရိုဆာပါရှင့် " ဟုကလေးမလေးက ပြန်၍ပြောပြပါသည်။

"ဒီနေ့ ငါရဲ့ညီဘယ်လိုနေသေးလဲ၊ ရိုဆာ" ဗျွန်ကမေးလိုက်၏'

"သူခံစားရတဲ့ဝေဒနာက ကြောက်စမန်းလိလိပါပဲရှင့် ရိုဆာက စိတ်မကောင်းစွာဖြင့်ပြောပြလိုက်ပါသည်။ သူမ၏ အပြာရောင်မျက်ဝန်းများတွင် မျက်ရည်များဝဲနေခဲ့၏။

"အင်မတန်ကြောက်စရာကောင်းတဲ့ ကာလတွေပေါ့ရှင့်။ မြို့ကလူတွေက ရှင့်ညီကိုသတ်ချင်နေကြတာ။ သူတို့က ရှင့်ကိုလည်းပဲသတ်ချင်နေကြတာ " ဟုရိုဆာကပြောပြလိုက်၏။

"ဒါပေမဲ့ ငါတို့က ငါတို့ရဲ့တိုင်းပြည်ကိုချစ်ပါတယ်" ဗျွန်ဒီဝစ်က ပြန်ပြောပြလိုက်ပါသည်။ ပြည်ထောင်စုသမ္မတနိုင်ငံက ပြည်သူတွေကို ကူညီဖို့ ငါတို့ကြိုးစားအားထုတ်ခဲ့ကြတာပါ"

"ကျွန်မ ဒါကိုသဘောပေါက်ပါတယ်ရှင့်" ဟု ရိုဆာက ပြန်ပြောလိုက်၏။ "အစ ရှင့်နဲ့ ရှင့်ရဲ့ညီ အကျဉ်းထောင်ကနေ အမြန်ဆုံး

ထွက်သွားကြမှဖြစ်မယ်။ ထောင်ရဲ့တစ်ခါးဝအပြင်ဘက်မှာ လူတွေ အများကြီးရောက်နေကြပြီ။ သူတို့တွေက ရှင်တို့ထွက်အလာကို စောင့်နေကြတာ။ ရှင်တို့ညီအစ်ကို မလွယ်ပေါက်ကနေ ထွက်သွား ကြမှဖြစ်မယ်။ ကျွန်မရဲ့စိတ်ကူးကို ရှင့်ညီကိုပြောပြလိုက်ပါအုံး"

ဖွန်ဒီဝစ်က သူညီအား ထားရာအချုပ်ခန်းတွင်းသို့ ဝင်လိုက် ပါသည်။ ကော်နဲလီးယပ်စ်သည် အခန်းကျဉ်းကလေးတစ်ခုအတွင်းရှိ ကုတင်ပေါ်တွင် လဲ့နေလျက်ရှိ၏။

"ညီလေးကော်နဲလီးယပ်စ် ငါတို့ ဒီကနေ့တိုင်းပြည်ကနေ ထွက်သွားကြရမယ်။ ဒီမှာ ငါတို့အတွက်အန္တရာယ်ရှိနေပြီ။ မင်းလမ်း လျှောက်နိုင်ရဲ့လား "

ထိုအခိုက်အတန့်မှာပင် ညီအစ်ကိုနှစ်ယောက်တို့သည် ဒါသ တကြီးအော်ဟစ်နေကြသော အသံများကိုကြားလိုက်ကြရ၏။ လူ အမြောက်အမြားသည် အကျဉ်းထောင်၏ ပင်မတံခါးကြီးအနီးသို့ ရောက်ရှိနေကြပေပြီ။

"ဒီဝစ်ညီအစ်ကိုကို ငါတို့လက်အပ်ပါ" လူများက အော်ဟစ်တောင်းဆိုနေကြ၏။ "ဒီသစ္စာဖောက်တွေကို ငါတို့ဆီ ထုတ်လာခဲ့ပါ"

"သူတို့က ငါတို့ကိုဘာလို့ သစ္စာဖောက်တွေလို့ ခေါ်ကြတာလဲ" ဟု ဗျွန်ဒီဝစ်က စိတ်မကောင်းစွာဖြင့် မေးလိုက်ပါသည်။ "ငါတို့က ငါတို့ရဲ့တိုင်းပြည်ကို ငြိမ်းငြိမ်းချမ်းချမ်း ရှိစေချင်တာ။ ငါက ပြင်သစ်ဘုရင်ဆီကို စာတွေရေးပို့ခဲ့တယ်။ ငါက ငြိမ်ချမ်းရေးရအောင် တောင်းဆိုခဲ့တာပါ။ အဲဒီနောက် ပြင်သစ်ဘုရင်လူးဝစ္စက ငါ့ဆီ စာပြန်ခဲ့တယ်။ မင်းမှာ ဒီစာတွေရှိသားပဲ ကော်နဲလီးယပ်စ်။ မင်းဒီစာတွေကိုမီးရှို့ဖျက် ဆီးပစ်ခဲ့ပြီလား"

"ဟင့်အင်း၊ ကျွန်တော်ဒီစာတွေကို မီးရှို့မပစ်ခဲ့ဘူး" ကော်နဲလီးယပ်စ်ကပြန်ပြောလိုက်၏။ "တစ်နေ့မှာ ဒီစာတွေက အစ်ကို့ကို

အထောက်အကူဖြစ်စေလိမ့်မယ်။ ကျွန်တော်ဒီစာတွေကို ဒေါ်မြို့ကို ယူသွားခဲ့တယ်။ ကျွန်တော် ကော်နဲလီးယပ်စ်ဗန်ဘေးကို စာတွေ ပေးထားခဲ့တယ်"

"ဒါထက် ဒီစာတွေအကြောင်း မင်းကကော်နဲလီးယပ်စ်ကို ဘာကြောင့်ပြောပြခဲ့ရတာလဲ သူက နိုင်ငံရေးမှ စိတ်မဝင်စားတာဟု ပြန်ဒီဝစ်ကမေးလိုက်ပါသည် "

"ကျွန်တော်သူ့ကို စာတွေအကြောင်းပြောမပြခဲ့ပါဘူး" ဟု ညီဖြစ်သူက ပြန်ပြောပြလိုက်၏။ "ကျွန်တော် စာတွေကို အထုပ် တစ်ခုထဲမှာထည့်ထားတာပါ။ ကော်နဲလီးယပ်စ်ဗန်ဘေးကဒီအထုတ် ကို ဖွင့်မကြည့်ခဲ့ပါဘူး။ သူ ဖွင့်ကြည့်မှာလည်း မဟုတ်ဘူး။ သူက ဂမုန်းပန်းတွေကိုသာ စိတ်အာရုံရောက်နေတာ။ စာတွေကိုစိတ်မဝင် စားဘူး"

"ဒါဆိုရင် ငါတို့ သူ့ကိုအန္တရာယ်မရှိအောင်လုပ်နိုင်ပြီး ငါတို့ ကိုယ်ကိုလည်း အန္တရာယ်က လွတ်အောင်လုပ်နိုင်ပြီ " ဟုဒ္ဒန်ဒီဝစ်က ပြောလိုက်၏။ "သူငယ်လေး ကော်နဲလီးယပ်စ်အနေနဲ့ ဒီအထုပ်ကို မီးရှို့ပစ်လိုက်မှဖြစ်မယ်။ သူ့ကို ဒီအကြောင်းပြောလိုက်ပါ။ သူဆီကို ဖျက်ဖျင်စာရေးအကြောင်းကြားလိုက်ချေ။ ငါ "ကရေ့" ကို ဒေါ်မြို့ လွှတ်လိုက်မယ်။ သူက မင်းရဲ့အကြောင်းကြားစာကို ဒီနေ့ပဲ သူငယ် လေး ကော်နဲလီးယပ်စ်ဆီယူသွားမှဖြစ်မယ် "

"ဟုတ်ကဲ့၊ ကျွန်တော်သူဆီရေးပေးလိုက်ပါမယ်" ဟု ကော်နဲ လီးယပ်စ်ဒီဝစ်ကပြောလိုက်၏။ "ဒါပေမဲ့ ကျွန်တော်အခု ရေးလို့မရဘူး။ ဒီမှာက ရေးစရာစက္ကူမမရှိတာ "

ထို့နောက်တွင် ကော်နဲလီးယပ်စ်သည် သူ၏ကုတင်ဘေးရှိ စာအုပ်တစ်အုပ်ကိုတွေ့မြင်သွားခဲ့၏။ သူက ထိုစာအုပ်၏ရှေ့ပိုင်းမှ စာရွက်အလွတ်တစ်ရွက်ကို ဆုတ်ဖြဲယူလိုက်ပါသည်။

"ကျွန်တော်ဒီစာရွက်ပေါ်မှာရေးလိုက်မယ် " ဟုသူကပြော

လိုက်၏။

ကော်နဲလီးယပ်စ်က စာတိုတစ်စောင်ကို ဝပ်သွက်သွက်ရေးပြီး လိုက်ပါသည်။

ပြွန်ဒီဝစ်၏ အစေခံဖြစ်သူ ကရေက အချုပ်ခန်း၏အပြင်ဘက်တွင် စောင့်နေပါသည်။ ပြွန်က သူ့ကိုခေါ်လိုက်၏။

"ကရေ ဒီစာ ဒေါ်မြို့ကိုယူသွားပေးပါ" ဟုပြွန်ဒီဝစ်က ပြောလိုက်ပါသည်။ "ဒါကို သူငယ်လေးကော်နဲလီးယပ်စ်ဇန်ဘေးကိုပေးလိုက်ပါ။ သူဒီစာကိုအမြန်ဆုံးဖတ်ရှုရမှဖြစ်မယ်။ မြန်မြန်သွားတော့"

ကရေက အချုပ်ခန်းမှဝပ်မြန်မြန်ပင်ထွက်ခွာသွားခဲ့၏။ ထို့နောက်တွင် ပြွန်က သူညီအားပြောလိုက်ပါသည်။

"ငါတို့သွားကြမှ ညီလေးရေ" ဟုသူကပြောလိုက်၏။

ထိုအခိုက်မှာပင် ရှိဆာသည် အချုပ်ခန်းအတွင်းသို့ ပြေးဝင်လာခဲ့ပါသည်။

၁၆၇၂ ခု၊ ဩဂုတ်လ (၂၀)ရက်

လူကလေးကော်နဲလီးယပ်စ်၊

ငါမင်းရဲ့ အိမ်မှာ အထုပ်တစ်ထုပ်ထားခဲ့တယ်လေ၊ အဲဒီ အထုပ်ကို ချက်ချင်းပဲ မီးရှို့ပစ်လိုက်စေချင်တယ်။ အထုပ်ကို ဖွင့်မကြည့်လေနဲ့။

မင်းရဲ့အုပ်ထိန်းသူ
ကော်နဲလီးယပ်စ်ဒီဝစ်

"ရှင်တို့မြန်မြန်သွားကြမှဖြစ်မယ်" သူမကပြောနေသည်။ "ရှင်တို့ရဲ့ မြင်းရထား မလွယ်ပေါက်အနီးမှာစောင့်နေတယ်"

"ကျေးဇူးတင်ပါတယ် ကလေးမရေ" ဟုကော်နဲလီးယပ်စ်ကပြောလိုက်ပါသည်။ "မင်းဟာ ငါအပေါ်အတော်ကြင်ကြင်နာနာဆက်ဆံခဲ့တာပဲ။ ငါ့မှာ မင်းကိုပေးဖို့ ပိုက်ဆံတော့ မရှိတော့ဘူး။ စစ်သားတွေက ငါ့ငွေတွေကိုယူသွားခဲ့ကြပြီ။ အခုဆိုဒီစာအုပ်ဟာ မင်းပိုင်ပါပြီ"

"ကျေးဇူးတင်ပါတယ်ရှင်" ဟု ရိုဆာကပြန်ပြောလိုက်၏ "ကျွန်မ စာတော့မဖတ်တတ်ပါဘူး။ ဒါပေမဲ့ ရှင့်ရဲ့စာအုပ်ကို ကျွန်မအမြဲသိမ်းထားပါမယ်။ ကဲ ကျွန်မနောက်ကလိုက်ခဲ့ကြပါ"

ရိုဆာနှင့်ထိုသူနှစ်ဦးတို့က အရှေ့ပိုင်းမှထွက်ခွာလာခဲ့ကြလေသည်။

■

မြန်မြန်ရထားထဲဝင်ပါ
ဆရာ
ဟာဘာဂီတ်
ကိုမောင်းပေး
ဖွတ်ဘိုင် ရိုဆာရော

အခန်း (၄)

လမ်းခပါမှ လူသတ်ပွဲ

ရိုဆာနှင့် ဒီဝစ်ညီအစ်ကိုတို့သည် အကျဉ်းထောင်ဝင်းအတွင်း သို့ထွက်လာခဲ့ကြ၏။ ရိုဆာက မလွယ်ပေါက်တံခါးအား သော့ဖွင့်လိုက်သည်။ မြင်းရထားတစ်စီးက ဂိတ်တံခါးအပြင်ဘက်လမ်းပေါ်တွင် စောင့်ဆိုင်းနေပါသည်။

မြင်းများက ရထားအားအကျဉ်းထောင်မှဝေးရာသို့ ခရီးနှင်လာခဲ့ကြ၏။ ရိုဆာက လမ်းတစ်လျှောက်အလျင်အမြန် သွားနေသော မြင်းရထားအားစောင့်ကြည့်နေမိ၏။ ထို့နောက် သူမက အကျဉ်းထောင်ဘက်သို့ ပြန်ပြေးလာခဲ့ပြီး မလွယ်ပေါက်တံခါးအား သော့တော်၍ ဝိတ်ထားလိုက်ပါသည်။

အကျဉ်းထောင်အတွင်းသို့ ရောက်သောအခါ သူမသည် ဖခင်ဖြစ်သူနှင့်ဆုံတွေ့လိုက်ရ၏။

"ဂိတ်တံခါးမကြီးရဲအပြင်ဘက်မှာ လူတွေရောက်နေကြပြီ ငါတံခါးဖွင့်ပေးလိုက်ရတော့မလား" ထောင်မှူးအဖိုးကြီးက သမီး

ဖြစ်သူအားမေးလိုက်ပါသည်။

"မဖွင့်နဲ့အဖေ" ဟု ရိုဆာကပြန်ပြောလိုက်၏" လူတွေက မကြာခင် ဂိတ်တံခါးကြီးကို ချိုးဖျက်ဝင်ရောက်လာကြလိမ့်မယ်။ ကျွန်မတို့တော့ အကြီးအကျယ်အန္တရာယ်နဲ့ ရင်ဆိုင်နေရပြီ။

"ကော်နဲလီးယပ်စ်ဒီဝစ် ဘာဖြစ်သွားနိုင်လဲ" ဂရီးဖပ်စ်က သမီးဖြစ်သူအားမေးကြည့်လိုက်ပါသည်။

"သူနဲ့သူ့အစ်ကိုကို ဘုရားသခင်က ကူညီပါလိမ့်မယ်" ဟု ရိုဆာက ပြန်ပြောခဲ့၏။

မကြာမီမှာပင် လူများက ပင်မတံခါးကြီးကို ချိုးဖျက်ချလိုက်ကြ၏။ သူတို့က အကျဉ်းထောင်အတွင်းသို့ ပြေးဝင်လာခဲ့ကြသည်။

သူတို့က "သစ္စာဖေါက်တွေသေပါစေ။ ဂျွန်နဲ့ ကော်နဲလီးယပ်စ်ဒီဝစ်ကိုသတ်ပစ်ကြ" ဟု အော်ဟစ်နေခဲ့ကြလေသည်။

■

အကျဉ်းသား မရှိတော့ဘူးဟေ့
ကော်နဲလီးယပ်စ်ဘယ်ရောက်သွားပြီလဲ
သူရဲ့အစ်ကိုကော ဘယ်မှာရှိလဲ
ငါတို့သစ္စာဖေါက်တွေကို တွေ့အောင် ရှာရမယ်
ကော်နဲလီးယပ်စ်ဒီဝစ် လွတ်သွားပြီ
သူအကျဉ်းထောင်က လွတ်သွား တာပါ။ဒါပေမဲ့မြို့ထဲကနေတော့ လွတ်မသွားသေးပါဘူး။

ထိုလူရွယ်က ပြုံးလိုက်သော်လည်းသူက ပြန်မဖြေခဲ့ပေ။

ဒီဝစ်ညီအကိုနစ်ယောက်တို့စီးလာသော မြင်းရထားသည် ဟာဘာဂိတ်ပေါက်ရှိရာသို့ မောင်းချလာခဲ့ကြ၏။

ရထားမောင်းသူက မြင်းရထားကို ပြန်လှည့်လိုက်ပါသည်။ သူ က မြင်းများကိုလမ်းကျဉ်းကလေးအတိုင်းစ၍ မောင်းချလိုက်၏။ သို့သော်လည်း ဒေါသထွက်နေသော လူတချို့က ဂိတ်တံခါးရှိရာသို့ ပြေးလာနေကြပါသည်။ သူတို့က မြင်းရထားကို တွေ့မြင်သွားခဲ့ကြ၏။

"ရပ်၊ ရပ်လိုက်" ဟု သူတို့က အော်ဟစ်လိုက်ကြသည်။

ထိုနောက်ရုတ်ခြည်းဆိုသလိုပင် ရာနှင့်ချီနေသော ဒေါသထွက်နေသည် လူအုပ်ကြီးသည် ထိုလမ်းကျဉ်းကလေးပေါ်သို့ ရောက်ရှိလာခဲ့ကြ၏။ ဤနှစ်ဝစ်က မြင်းရထား၏ ပြတင်းပေါက်မှ လှမ်းကြည့်လိုက်ပါသည်။ ထိုလူများသည် သူ၏ မျက်နှာအားတွေ့မြင်သွားခဲ့ကြ၏။

"သစ္စာဖေါက်တွေဟေ့" လူများက အော်ဟစ်လိုက်ကြသည်။ "အဲဒီမှာ သစ္စာဖေါက်တွေရှိနေတယ်။"

လူအုပ်ကြီးသည် မြင်းရထားရှိရာသို့ ဦးတည်၍ ပြေးခဲ့ကြ၏။ သူတို့ကမြင်းများအား ရပ်တန့်ပစ်လိုက်ကြသည်။ ဒေါသထွက်နေသောလူအုပ်ကြီးကမြင်းရထားတံခါးကိုဆွဲဖွင့်လိုက်ကြပြီး ညီအစ်ကို နှစ်ယောက်အား အပြင်သို့ဆွဲထုတ်လိုက်ကြ၏။ လူအုပ်ကြီးသည် သံကုန်ဟစ်အော်လိုက်ကြသည်။ သူတို့က ဤနှင့်ကော်နဲလီးယပ်စ်ဒီ ဝစ်တို့အား ထိုးလိုက် ကန်လိုက်ရှိနေခဲ့၏။ မကြာမီမှာ ညီအစ်ကိုနစ် ယောက်စလုံး သွေးအလိမ်းလိမ်းဖြစ်လျက် ရှိနေခဲ့သည်။

ဖြူဖတ်ဖြူရော်ရှိနေသောလူငယ်နှင့် စစ်သားတို့က မြင်းရထားရှိရာသို့ လျှောက်လာခဲ့ကြ၏။

"လူတွေက ဒီဝစ်ညီအစ်ကိုသတ်နေကြပြီ" ဟု ထိုစစ်သားများကပြောလိုက်ပါသည်။ "အရှင် ကျွန်တော်တို့တားမှဖြစ်မယ်"

"ငါတို့တားလို့မရတော့ဘူး" ထိုလူငယ်က ပြောပြလိုက်၏။ "ကြည့်လေ ညီအစ်ကိုနှစ်ယောက်လုံး သေနေပြီ။ လူတွေက သူတို့ကို သတ်ပစ်ခဲ့တာပဲ။ အခုဆို ငါတို့ဘာမှမတတ်နိုင်တော့ဘူး"

ဖြူဖတ်ဖြူရော်နှင့်လူငယ်သည် အောရိန်နယ်မြေ အပိုင်စားရသော မင်းသားဝီလျံဖြစ်ပေသည်။

"ပြင်သစ်ဘုရင်က ဘာပြောလိမ့်မလဲ" ဟု မင်းသားဝီလျံက ထိုစစ်သားအား ပြောလိုက်ပါသည်။ "သူ့ရဲ့မိတ်ဆွေတွေက သေကုန်ပြီလေ"

■

အခန်း (၅)
ဂမုန်းပန်း စိုက်ပျိုးသူ

ဒေါ်မြို့တွင်မူ ကော်နဲလီးယပ်စ်မန်အားသည် သူ၏ မိုးဦး သိလောင်ရာအခန်းထဲတွင် ရပ်လျက်ရှိနေ၏။ သူက တူးလစ်ဂမုန်းဥကလေးသုံးလုံးကို ကြည့်ရှုစစ်ဆေးလျက်ရှိပါသည်။

"ဟုတ်ပြီ" ဟု သူက သူဘာသာပြောနေခဲ့၏။ "နောက်နှစ်ဆိုရင် ဒီဥတွေဟာ အနက်ရောင်ဂမုန်းပန်းပင်တွေ ဖြစ်လာတော့မယ်။ ငါဟာ ဒီခုနစ်ပြည်ထောင်စုသမ္မတနိုင်ငံမှာ အပျော်ရွင်ဆုံးလူတစ်ယောက်ဖြစ်ပြီ"

ဒီ ထိုအခိုက်အတန့်မှာပင် အစေခံတစ်ယောက်အခန်းထဲသို့ ပြေးဝင်လာခဲ့၏။

"ဆရာကို တွေ့ချင်လို့တဲ့" ဟု သူက ပြောပါသည်။ သူက ဟိတ်ဂ်မြို့ကလာတာတဲ့။ သူ့နာမည်က ကရေပါ "

"ကရေ ဟုတ်လား" ကော်နဲလီးယပ်စ်ကပြောလိုက်ပါသည်။ "ကရေက ဝွန်ဒီစစ်ရဲ့ အစေခံပဲ သူခဏလောက်စောင့်ရမယ်။ ငါ

ဒီဥကလေးတွေကို စိတ်ချရအောင်အံဆွဲထဲထည့်ထားရအုံးမယ်"

"ကျွန်တော်မစောင့်နိုင်ဘူး" ဟု အသံတစ်သံကအော်ပြောလိုက်၏။ ကရေက အခန်းတွင်းသို့ပြေးဝင်လာခဲ့သည်။ သူသည် လက်ထဲတွင်လည်းစာတစ်စောင်ကို ကိုင်ဆောင်ထားလျက်ရှိ၏။

ကော်နဲလီးယပ်စ်သည် အတော်ပင်အံ့အားသင့်သွားခဲ့လေသည်။ သူကဂမုန်းဥကလေးများကိုလွှတ်ချလိုက်မိ၏။ ယင်းတို့သည် ကြမ်းပြင်ပေါ်သို့ကျသွားခဲ့ကြလေသည်။

"ကျေးဇူးပြုပြီး ဒီစာကိုဖတ်ကြည့်ပါ" ဟု ကရေကပြောလိုက်ပါသည်။ "ဒီစာကို ချက်ချင်းဖတ်ကြည့်ပါဆရာ"

"ငါစာကိုဖတ်မှာပါ ဒါပေမဲ့ အရင်ဆုံးငါ့ရဲ့ဥတွေကိုကောက်ရအုံးမယ်" ဟုကော်နဲလီးယပ်စ်က ပြောလိုက်၏။

သူက ဂမုန်းပန်းဥများကို ကောက်ယူလိုက်ပြီး ယင်းတို့အားသေသေချာချာစစ်ဆေးကြည့်လိုက်ပါသည်။

"ကောင်းသေးတယ်" သူကတိုးတိုးပြောလိုက်၏။ "ဥတွေပျက်စီးမသွားဘူး ဒီအတွက်ဘုရားသခင်ရဲ့ကျေးဇူးပါပဲ"

သို့သော် ကရေက ထိုစာအားစာပွဲပေါ်တွင်တင်ထားခဲ့ပြီး အိမ်မှထွက်ခွာသွားခဲ့လေသည်။

ရုတ်တရက်ပင် ကော်နဲလီးယပ်စ်၏ အစေခံတစ်ယောက် ဥ သိုလှောင်ရာအခန်းတွင်းသို့ပြေးဝင်လာခဲ့၏။

"အို ဆရာ အိမ်ထဲမှာစစ်သားတွေရောက်နေတယ်။ သူတို့က ဆရာ့ကိုဖမ်းကြလိမ့်မယ်" ဟု ထိုအစေခံကပြောလိုက်ပါသည်။

"သူတို့က ငါ့ကိုဖမ်းမလို့ဟုတ်လား ငါတော့သဘောမပေါက်ဘူး" ဟု ကော်နဲလီးယပ်စ်ကပြောလိုက်၏။

ကော်နဲလီးယပ်စ်သည် ကြောက်ရွံ့မသွားခဲ့ပေ။ သူသည် သူ၏ အနက်ရောင်မျိုး ဂမုန်းပန်းဥများအကြောင်းသာ စိတ်ထဲ၌ရှိနေ၏။ သူက ကရေထားခဲ့သောစာကို စားပွဲပေါ်မှ ကောက်ယူလိုက်သည်။ သူကစာကိုမဖတ်ခဲ့ပေ၊ ထိုစာမှာ စာအုပ်မှ စက္ကူဖြူတစ်ရွက်ပေါ်တွင် ရေးသားထားခြင်းဖြစ်သည်။ ကော်နဲလီးယပ်စ်က အနက်ရောင် ဂမုန်းဥကလေး သုံးလုံးအား ထိုစာရွက်ဖြင့် အလွန်သတိဝိရိယထားကာ ပတ်လိုက်ပါသည်။ သူသည် အထုပ်ကလေးတစ်ထုပ်ဖြစ်သွားအောင် လုပ်ခဲ့လိုက်၏။ ထို့နောက် သူက ထိုအထုပ်ကလေးအား သူ၏ အိပ်ကပ်အတွင်း ထည့်ထားလိုက်ပါသည်။

စစ်သားလေးယောက် အိမ်အတွင်းသို့ ပြေးဝင်လာကြ၏။ တရားသူကြီးတစ်ဦးလည်း သူတို့နှင့်အတူပါလာခဲ့၏။ ထို့တရားသူကြီးမှာ ဒေါ်မြို့တရားရုံးမှဖြစ်ပါသည်။ ထို့တရားသူကြီးသည် အိုက်ဆက်ဘောက်တဲလ်ထံမှ သတင်းပေးအကြောင်းကြားချက်ကို လက်ခံရရှိခဲ့၏။

"ကော်နဲလီးယပ်စ်ဗန်ဘေး မင်းမှာစာရွက်စာတမ်းတွေရှိနေတယ်" တရားသူကြီးကပြောလိုက်သည်။ "ဒီစာရွက်တွေက သမ္မာဖေါက် တစ်ယောက်ရဲ့ စာရွက်စာတမ်းတွေဖြစ်တယ်။ ဒီစာရွက်တွေ ကျုပ်ကိုအပ်ပါ"

"ကျွန်တော်တော့ သဘောမပေါက်ဘူး" ဟုကော်နဲလီးယပ်စ်က ပြောလိုက်၏။

"လွန်ခဲ့တဲ့ ဧန်နဝါရီလက ကော်နဲလီးယပ်စ်ဒီဝစ် ဒီအိမ်မှာ အထုပ်တစ်ထုပ် အပ်နှံထားခဲ့တယ်။" တရားသူကြီးကပြောလိုက်၏။ "မင်းအနေနဲ့ အဲဒီအထုပ်ကို ထုတ်ပေးသင့်တယ်"

"ဟင့်အင်း၊ ကျွန်တော်ဒီအထုပ် ခင်ဗျားကိုမပေးလိုက်နိုင်ဘူး' ဟု လူငယ်က ပြန်ပြောလိုက်ပါသည်။ "ဒီအထုပ်က ကျွန်တော့် ဟာမဟုတ်ဘူး"

"ကျုပ်ဒီစာရွက်စာတမ်းတွေရအောင်ယူရမယ်" ဟု တရားသူကြီးကအော်ဟစ်ပြောဆိုလိုက်၏။ သူကအံဆွဲကြီးတစ်ခုကို လက်ညှိုးထိုးပြလိုက်ပါသည်။ "ဒီစာရွက်တွေ ဟိုအံဆွဲထဲမှာရှိတယ်။" ဟု သူကပြောလိုက်၏။

ထိုတရားသူကြီးက အံဆွဲကိုဖွင့်လိုက်ပြီး အထုပ်ကိုထုတ်ယူလိုက်၏။ သူကအထုပ်ကိုဖွင့်လိုက်ပြီး အထုပ်ထဲရှိစာကို ဖတ်ကြည့်လိုက်ပါသည်။

"ဟုတ်ပြီ၊ မင်းလည်းသစ္စာဖေါက်တစ်ယောက်ပဲ" ဟု တရားသူကြီးကပြောလိုက်၏။ "ကျုပ်မင်းကို ဖမ်းလိုက်ပြီ ကော်နဲလီးယပ်စ်ဗန်ဘေး အခုဆိုမင်းဟာ အကျဉ်းသားတစ်ယောက်ပဲ၊ မင်း ကျုပ်နဲ့အတူ ဟော်မြို့ကိုလိုက်ခဲ့ရမယ် "

အိုက်ဆက်ဘောက်တဲလ်သည် ကော်နဲလီးယပ်စ်ဗန်ဘေး၏ အိမ်အားစောင့်ကြည့်နေ၏။ သူက သူ၏အဝေးကြည့်မှန်ပြောင်းမှတစ်ဆင့်ကြည့်နေခြင်းဖြစ်သည်။ သူသည်သူ၏အိမ်နီးနာချင်းဖြစ်သူ၏ အိမ်ထဲသို့ စစ်သားများဝင်သွားသည်ကို မြင်တွေ့လိုက်ရ၏။ ယင်းအပြင် သူသည်တရားသူကြီးကိုလည်း မြင်လိုက်၏။

"ကောင်းပါ့။ ဒီတရားသူကြီးဟာ ငါပို့လိုက်တဲ့သတင်းကိုရသွားခဲ့တာပဲ။" အိုက်ဆက်က သူဘာသာကြေနေမိ၏။ "ဒါပေမဲ့

စာထဲမှာ ငါနာမည်ကို ထည့်မရေးလိုက်ဘူး။ ငါမှာအန္တရာယ် မရှိဘူးပေါ့။ စစ်သားတွေက ကော်နဲလီးယပ်စ်ဗန်ဘေးကို ဟော်မြို့ကိုခေါ်သွားကြလိမ့်မယ်။ သူကိုအဲဒီက အကျဉ်းထောင်ထဲချထားလိုက်ကြလိမ့်မယ်။ အဲဒီနောက် သူ့ကိုသတ်ပစ်ကြလိမ့်မယ်။ ကောင်းလိုက်လေ၊ ဒါမှ သူရဲ့ အနက်ရောင်ဂမုန်းဥတွေကို ငါယူရလို့မယ်"

ထိုညတွင် အိုက်ဆတ်သည် ကော်နဲလီးယပ်စ်၏ အိမ်အတွင်းသို့ဝင်ရောက်လိုက်၏။ သူက ပြူတင်းပေါက်မှတစ်ဆင့် အိမ်ထဲသို့ကျော်ဝင်ခဲ့ခြင်းဖြစ်သည်။ အိမ်ကြီးမှာ လူတစ်ဦးတစ်ယောက်မျှ ရှိမနေပေ။ အိမ်စေများသည် ထွက်ပြေးသွားခဲ့ကြပြီဖြစ်သည်။ အိုက်ဆက်က ဥများအခြောက်ခံသိုလှောင်ရာ အခန်းအတွင်းသို့ ဝင်လိုက်၏။ သူက အနက်ရောင်ဂမုန်းဥများအား ရှာဖွေလိုက်ပါသည်။

"ဒီဥတွေက ဒီအခန်းထဲမှာပဲရှိတယ်" အိုက်ဆက်က သူ့ကိုယ်သူပြောလိုက်၏။ "ကော်နဲလီးယပ်စ်က သူရဲ့မိတ်ဆွေတွေကို ဒီဥတွေအကြောင်းပြောပြခဲ့တာပဲ။ သူက "နောက်မိုးဦးကျရင် ကျွန်တော့်မှာအနက်ရောင်တူးလစ်ဂမုန်းတွေရှိနေပြီ" လို့ ပြောခဲ့တာပဲ။ ဒါပေမဲ့ဒီဥတွေကဘယ်မှာလဲ။"

အိုက်ဆက်က အံဆွဲအားလုံးကို မွှေနှောက်ရှာဖွေလိုက်ပြီးနောက် ဘီဒိုအားလုံးထဲတွင်လည်း ရှာဖွေကြည့်လိုက်၏။ အံဆွဲနှင့်ဘီဒိုများထဲတွင် ပန်းဥအများအပြားရှိနေပါသည်။ ထို့ပြင်ယင်းပန်းဥအားလုံးတွင်လည်း အမည်များတပ်ထား၏။ အိုက်ဆက်ဘောက်စ်တဲလ်က အမည်တစ်ခုချင်းစီကို လျှောက်ဖတ်ကြည့်ခဲ့၏။ သူသည် ထိုအမည်အားလုံးကို ကောင်းစွာသိပေသည်။ ယင်းတို့အနက် တစ်ခုမှ အနက်ရောင် တူးလစ်ဂမုန်းဥများ မဟုတ်ကြချေ။

အိုက်ဆက်သည် တူးလစ်ဂမုန်းဥအနက်များကို ရှာဖွေမရခဲ့ပေ။ သို့သော် သူသည် ကော်နဲလီးယပ်စ်ဗန်ဘေး၏ မှတ်စုစာအုပ်ကိုမူ ရှာဖွေတွေ့ရှိသွားခဲ့၏။ ကော်နဲလီးယပ်စ်က သူ၏ တူးလစ်ဂမုန်းများ

နှင့် ပတ်သက်၍ မှတ်စုစာအုပ်ထဲတွင် ရေးသားထားခဲ့လေသည်။ စာမျက် နှာတစ်မျက်နှာတွင်မူ အိုက်ဆက်က ဤစာသားများကို ဖတ်ရှု့လိုက်ရ၏။

> ၁၆၇၂ ခုဩဂုတ်လ (၂၀) ရက် ကနေ့တွင် ကျွန်ုပ်သည် ဂမုန်းပန်းဥကြီး တစ်လုံးမှ ဥငယ်သုံးလုံးကို ခွဲယူရရှိသည်။ ဤဥများသည် ၁၆၇၃ ခုမိုးဦးကာလ အတွင်းတွင် ပွင့်ကြလိမ့်မည်။ ထိုပန်းပွင့်များသည် အနက် ရောင်များဖြစ်ကြပေလိမ့်မည်။ ကျွန်ုပ်သည်ဘုရား သခင်၏ ကျေးဇူးတော်အား အောက်မေ့မိ၏။

"ဒီပန်းဥတွေပဲ၊ ဒီဟာတွေဘယ်မှာလဲ" အိုက်ဆက်အောက် တဲလ်က ပြောနေမိ၏။ "အို၊ ငါအခုသဘောပေါက်ပြီ၊ ကော်နဲလီး ယပ်စ်က ဒါတွေကိုယူသွားခဲ့တာပဲ။ သူက ဒီဥတွေကို ဟော်မြို့ ကိုယူသွားခဲ့တယ်။ ငါလည်း ဟော်မြို့ကိုသွားမှ ဖြစ်တော့မယ်"

■

အခန်း (၆)

ကော်နဲလီးယပ်စ်နှင့်ရှိဆာ

ကော်နဲလီးယပ်စ်ဗန်ဘေးသည် ဟော်မြို့အကျဉ်းထောင်ထဲတွင်ထိုင်နေ၏။ သူက အချုပ်ခန်းတစ်ခုအတွင်းရှိ ကုတင်ပေါ်တွင်ထိုင်နေခြင်းဖြစ်သည်။ လူနှစ်ယောက်က သူ့အားကြည့်နေကြ၏။ ထောင်မှူးဂရီးဖပ်စ်နှင့် သူ၏လုပချော်မောသော သမီးဖြစ်သူ ရိုဆာတို့ပင်ဖြစ်သည်။

"ကောင်လေး မင်းဟာ မင်းရဲ့အုပ်ထိမ်းသူ နေခဲ့တဲ့အချုပ်ခန်းထဲရောက်နေတာကွ" ဟု ထောင်မှူးကပြောလိုက်၏။ သူက ကျယ်လောင်စွာရယ်လိုက်ပါသည်။

"ခင်ဗျား ဘာကိုဆိုလိုတာလဲ" ဟု ကော်နဲလီးယပ်စ်က သူ့အားမေးလိုက်၏။

"ကော်နဲလီးယပ်စ်ဒီဝစ်ဟာ ဒီအချုပ်ခန်းမှာနေခဲ့တာ" ဟု ဂရီးဖပ်စ်က ပြန်ပြောပြလိုက်၏။ "သူ့ရဲ့အစ်ကိုလျှန်လည်း ဒီကို

ရောက်ခဲ့တယ်။ ဒါပေမဲ့ သူတို့တွေ ပြန်မရောက်လာခဲ့ကြတော့ဘူး"

"အခုသူတို့ဘယ်မှာလဲ" ဟု ကော်နဲလီးယပ်စ်က မေးလိုက်၏။

ဂရီးဖပ်စ်က နောက်တစ်ကြိမ်ထပ်၍ ရယ်လိုက်ပြန်သည်။

"သူတို့နှစ်ယောက်စလုံးသေကုန်ကြပြီ" ဂရီးဖပ်စ်ကပြောလိုက်၏။ "သူတို့ကို လူတွေကသတ်ပစ်လိုက်ကြတာ"

"သူတို့တွေက စိတ်ထားကောင်းတဲ့ လူကြီးလူကောင်းတွေပါ" ရိုဆာကဝင်ပြောလိုက်၏။ "သူတို့တွေဟာ သစ္စာဖောက်တွေ မဟုတ်ရှာကြပါဘူး"

"သူတို့တွေက မင်းသားဝီလျံရဲ့ ရန်သူတွေဟု" ဂရီးဖပ်စ်က သူ၏သမီးဖြစ်သူအား ပြောလိုက်ပါသည်။ "မင်းကလည်း မင်းသားဝီလျံရဲ့ ရန်သူပဲကွ" ဟု သူက ကော်နဲလီးယပ်စ်အား ပြောလိုက်၏။

ရိုဆာက ရုပ်ရည်ခန့်ညားသော လူငယ်ကိုကြည့်လိုက်၏။ သူမသည် သူ့အားအတော်ပင်နှစ်သက်သဘောကြနေခဲ့ပြီး။ သူမက စဉ်ငိုချလိုက်မိသည်။ ကော်နဲလီးယပ်စ်က တစ်ဖက်သို့ လှည့်လိုက်ပါသည်။ သူသည် စိတ်မကောင်းဖြစ်သွားခဲ့ရလေသည်။

ဂရီးဖပ်စ်က သူ၏သမီးအားအချုပ်ခန်းထဲမှ တွန်းထုတ်လိုက်၏။ ထိုနောက်တွင် သူက အချုပ်ခန်းထဲမှ ထွက်ခွာသွားခဲ့ပြီး တံခါးကို သော့ပိတ်လိုက်ပါသည်။

နောက်တစ်နေ့ရောက်သောအခါတွင် စစ်သားများက ကော်နဲလီးယပ်စ်အား ဟော့ဂ်မြို့ရှိ တရားရုံးသို့ခေါ်ဆောင်သွားခဲ့ကြ၏။ သူက တရားသူကြီး၏ ရှေ့တွင်ရပ်နေလိုက်ပါသည်။

"မောင်မင်းဟာ သစ္စာဖောက်တစ်ယောက်ဖြစ်တယ်" တရားသူကြီးကပြောလိုက်၏။ "မင်းသေဒဏ်ကျခံရလိမ့်မယ်"

ကော်နဲလီးယပ်စ်အား အကျဉ်းထောင်ရှိ သူ၏အချုပ်ခန်းရှိရာသို့ ပြန်၍ခေါ်ဆောင်သွားခဲ့ကြ၏။ မကြာမီမှာပင် ရိုဆာသည် အချုပ်ခန်းသို့ရောက်ရှိလာခဲ့သည်။

ကျွန်မ ရှင့်ကိုဘယ်လိုများ
အကူအညီပေးရမှာလဲ

ကျွန်တော့်မှာလျှို့
ဝှက်ချက်တစ်ခုရှိ
နေတယ် ရိုဆာ

နောက်မိုးဦးကျရင် ဒီဥသုံးခုကနေအနက်
ရောင်ဂမုန်းပန်းတွေပေါက်လာလိမ့်မယ်

ကော်နဲလီးယပ်စ်က ဂမုန်းဥများကို စာရွက်ထဲပြန်ထည့်လိုက်သည်။ ထိုနောက်သူက ထိုအထုပ်အား မိန်းမပျိုကလေးအားပေးထားလိုက်ပါသည်။

ရုတ်တရက် အချုပ်ခန်းအပြင်ဘက်မှ အသံတစ်သံ ထွက်ပေါ်လာခဲ့လေသည်။

"စစ်သားတွေလာနေကြပြီ" ကော်နဲလီးယပ်စ်ကပြောလိုက်ပါသည်။ "သူတို့က ငါ့ကိုခေါ်သွားကြတော့မှာ နောက်ပြီး သူတို့တွေက ငါ့ကိုသတ်ပစ်ကြလိမ့်မယ်"

"ပန်းဥတွေကို ဂရုစိုက်ထိမ်းသိမ်းထားပါ" ကော်နဲလီးယပ်စ် ကပြောလိုက်၏။ "နိဝင်ဘာလကျရင် ဒီဥတွေကိုမြေမှာချပြီး စိုက်လိုက်ပါ။ နွေတ်ဆက်ခဲ့ပါတယ် ရိဆာ"

တံခါးကပွင့်လာ၏ စစ်သားများ အချုပ်ခန်းအတွင်းဝင်ရောက်လာကြသည်။ သူတို့က ကော်နဲလီးယပ်စ်ကို လက်မောင်းမှ ချုပ်ကိုင်လိုက်ကြ၏။ သူတို့ကသူ့အား အကျဉ်းထောင်၏ အပြင်ဘက်သို့ ခေါ်ထုတ်လာခဲ့ကြပြီး မြို့တော်ခန်းမအနီးရှိ ကျယ်ပြန့်သော ရင်ပြင်တစ်ခုသို့ ခေါ်ဆောင်လာခဲ့ကြ၏။ လက်မရွံ့လူသတ်သမားက ရင်ပြင်၏ အလယ်တွင်စောင့်နေပေသည်။ သူ၏လက်ထဲတွင် မြည့်နေအောင် သွေးထားသည့် ဓရောမခေါင်းကြီးတစ်ချောင်းကို ကိုင်ထားပါသည်။

ရာနှင့်ချီနေသော လူအုပ်ကြီးသည် ရင်ပြင်ပေါ်တွင်ရပ်လျက် စောင့်နေကြ၏။ သူတို့အားလုံးသည် ကော်နဲလီးယပ်စ်အားသတ်သည့် ပွဲကို ကြည့်ရှုလိုကြ၍ဖြစ်သည်။ သားသတ်သမားက လူငယ်၏ ဦးခေါင်းအား ဖြတ်ပေတော့မည်။ အိုက်ဆက်ဘောက်တဲလ်ကလည်း

လာရောက်စောင့်ကြည့်နေပါသည်။

ထိုလူငယ်က သားသတ်သမား၏ရှေ့ဘက် မြေကြီးပေါ်တွင် ဒူးထောက်ထိုင်ချလိုက်ပါသည်။ လူသတ်သမားက သူ၏လေးလံလှသော ဓါးကြီးကိုမြောက်လိုက်၏။

ထိုနောက်မြို့တော်ခန်းမမှ လူတစ်ယောက်ပြေးထွက်လာခဲ့၏။ သူက စာတစ်စောင်ကိုကိုင်ထားပြီး အော်ဟစ်ပြောဆိုနေခဲ့၏။

"ရပ်ဟေ့" ထိုသူကအော်လိုက်၏ ကော်နဲလီယပ်စ်ဗန်ဘေးကို ဒီနေ့မသေစေနဲ့အုံး။ မင်းသားဝီလျံဟာ သူရဲ့ရန်သူတွေအပေါ် သဘောထားကြီးတော်မူတယ်။ သို့သော်လည်း ကော်နဲလီးယပ်စ်ဗန်ဘေးဟာ အန္တရာယ်ပေးနိုင်တဲ့လူတစ်ယောက်ဖြစ်တယ်။ နောက်ပြီး သူဟာ သူရဲ့ ဘဝတစ်သက်တာလုံး အကျဉ်းထောင်ထဲမှာပဲ နေ နေရမယ်။"

"ဘုရားသခင်ရဲ့ကျေးဇူးပါပဲ" ဟု ကော်နဲလီးယပ်စ်က သူ့ဘာသာ ပြောလိုက်မိ၏။ "ကနေ့ ငါရိဆာကိုပြန်တွေ့ရတော့မယ်။ နောက် ငါရဲ့ အနက်ရောင် ဂမုန်းဥကလေးတွေကိုလည်း ပြန်တွေ့ရတော့မယ်"

သို့သော် ကော်နဲလီးယပ်စ် အထင်မှားသွားပါသည်။ သူသည် ဟော်အကျဉ်းထောင်သို့ ပြန်မသွားခဲ့ရပေ၊ စစ်သားများက သူအား လိုဇင်စတိန်းရှိ အကျဉ်းထောင်သို့ ခေါ်ဆောင်သွားခဲ့ကြ၏။ ယင်းမှာ ဟော်မြို့နှင့် အတော်ပင်ကွာဝေးလှ၏။

ကော်နဲလီးယပ်စ်သည် မပျော်နိုင်ရှာတော့ပေ။ သူသည် ပန်းဥကလေးများနှင့် အတော်လှမ်းသောနေရာတွင် ရောက်နေခဲ့ရပေပြီ၊ သူသည် ရိဆာနှင့်လည်းဝေးနေချေပြီ။

အိုက်ဆက်ဘောက်တဲလ်သည်လည်း မပျော်နိုင်ဘဲ ဖြစ်နေရှာ၏ ထို့ပြင်သူသည် အလွန်ပင်ဒေါသထွက်နေမိ၏။ သူသည် ကော်နဲလီးယပ်စ်၏ ဂမုန်းနက်ကို လိုချင်နေပေသည်။

■

အခန်း (၇)
လိုဇင်စတိန်းအကျဉ်းထောင်

အချိန်ကာလများ အလျင်အမြန်ပင် ကျော်လွှားကုန်ဆုံးသွားခဲ့ ၏။ ၁၆၇၂ ခုနှစ် နိုဝင်ဘာလသို့ ရောက်ရှိခဲ့ပြီဖြစ်သည်။ ကော်နဲလီး ယပ်စ်ဗန်ဘေးသည် ဒေါ်မြို့အန်း လိုဇင်စတိန်း အကျဉ်းထောင်ရှိ အချုပ်ခန်းတစ်ခု အတွင်းတွင်ရှိနေပါသည်။ ထိုအချုပ်ခန်းမှာ ကျောက်တုံး များဖြင့်စီ၍ တည်ဆောက်ထားသော နံရံများရှိသည့် အချုပ်ခန်း တစ်ခန်းဖြစ်၏။ ယင်းတွင် ခိုင်ခံတောင့်တင်းလှသော သစ်သားတံခါး တစ်ခု တပ်ထားပါသည်။ ယင်းတံခါးကြီးတွင် ပြူတင်းပေါက် ငယ်တစ်ခု ပါရှိ၏။ ယင်းအပြင် ကျောက်သားနံရံတွင်လည်း ပြူတင်းပေါက် တစ်ပေါက်ရှိပါသည်။ အဆိုပါပြူတင်းပေါက်မှ ကော်နဲလီးယပ်စ်သည် ဒေါ်မြို့ကိုလှမ်းမြင်နေရ၏။ သူ၏အိမ်ကိုလည်း လှမ်းကြည့်၍ ရပါသည်။

"ဒါပေမဲ့ ငါ့အိမ်မှာ ဘယ်တော့မှ ငါပြန်နေရတော့မှာမဟုတ်ဘူး"

ကော်နဲလီးယပ်စ်က သူ့ကိုယ်သူပြောနေမိ၏။ "ငါဘယ်တော့မှ ဂမုန်းနက်ကို စိုက်ခွင့်ရမှာမဟုတ်တော့ဘူး၊ ငါဘယ်တော့မှ ငါ့ရဲ့

ဂမုန်းပန်းဥတွေကိုပြန်ပြီးတွေ့မြင်ခွင့်ရတော့မှာမဟုတ်ဘူး၊နောက်ပြီး ရိဆာကိုလည်း ပြန်တွေ့ရတော့မှာမဟုတ်ဘူး။ သူ ပန်းဥတွေကို စိုက်ပျိုးဖြစ်မှာလား သူအနက်ရောင်ဂမုန်းပန်းကို စိုက်မှာလား။ ငါ ဘယ်တော့မှ သိခွင့်ရတော့မှာမဟုတ်တော့ဘူး။

သို့သော်ကော်နဲလီးယပ်စ်၏ အထင်မှားသွားခဲ့၏။ သူသည် သူ၏ တူးလစ်ဂမုန်းဥကလေးများကို ထပ်မံ၍တွေ့မြင်ခဲ့ရသည်။ ထို့ပြင် ရိဆာနှင့်လည်း တွေ့ခဲ့လေသည်။

တစ်မနက်ခင်းတွင် သူ၏ အချုပ်ခန်းအပြင်ဘက်မှမိန်းကလေး တစ်ယောက်၏ အသံကိုကြားလိုက်ရ၏။ ယင်းအသံမှာ ရိဆာ၏ အသံဖြစ်ပေသည်။

အချုပ်ခန်းတံခါးရှိအပေါက်ငယ်ကလေးပွင့်သွားပြီး ထိုလူရွယ် သည် ရိဆာ၏မျက်နှာကလေးကိုတွေ့မြင်လိုက်ရလေသည်။ ယင်း မျက်နှာကလေးမှာ ဖြူရော်ရော်ဖြင့်ဝမ်းနည်းကြေကွဲနေဟန်ရှိ၏။

"အို ရိဆာ ရိဆာရေ" ဟု ကော်နဲလီးယပ်စ်ကခေါ်လိုက်ပါသည်။

"တိုးတိုးပြော ကျွန်မရဲ့ အဖေအနားမှာရှိနေတယ်" ဟု ရိဆာ ကပြောလိုက်၏။

"မင်းရဲ့အဖေ ဟုတ်လား၊ မင်းတို့နှစ်ယောက်ဘာပြုလို့ ဒီကို ရောက်နေတာလဲ။" ဟု ကော်နဲလီးယပ်စ်ကမေးလိုက်ပါသည်။

"ကျွန်မအဖေက အသက်ကြီးနေပြီလေ" ရိဆာကပြောပြလိုက် ၏။ "သူက အကျဉ်းထောင်သေးသေးတစ်ခုမှာပဲ အလုပ်လုပ်ချင်ခဲ့ တယ်။ ကျွန်မအဖေက အခုဆို ဒီအကျဉ်းထောင်ရဲ့ ထောင်မှူးပေါ့။ ရှင်ကလည်း ဒီမှာပဲရှိနေတယ်လေ၊ ကော်နဲလီးယပ်စ် ရှင့်အတွက် လုံခြုံစိတ်ချသွားတာပေါ့၊ ဒီအတွက်ဘုရားသခင်ကိုကျေးဇူးတင် မိပါရဲ့၊ ရှင်ရဲ့ အနက်ရောင် ဂမုန်းဥကလေးတွေလည်း လုံလုံခြုံခြုံရှိ နေပါတယ် ကော်နဲလီးယပ်စ်။"

"အိုရိဆာ၊ မင်းကိုယ့်ကိုချစ်သလားဟင်" ဟု ကော်နဲလီးယပ်စ်

ကမေးလိုက်ပါသည်။

"ဟုတ်ကဲ့" ဟု ရိဆာက အပြုံးဖြင့်အဖြေပေးလိုက်၏။ "ကျွန်မ ရှင့်ကိုသိပ်ချစ်ပါတယ်။ ဒီညနေ (၉) နာရီလောက်မှာ ကျွန်မပြန်လာခဲ့မယ်။ ဂွတ်ဘိုင် ကော်နဲလီးယပ်စ်"

ကော်နဲလီးယပ်စ်သည် ပျော်ရွှင်နေသော လူတစ်ယောက်ဖြစ်သွားခဲ့၏။

"ငါ ဒီအကျဉ်းထောင်ကနေဘယ်မှထွက်မသွားတော့ဘူး" သူက သူကိုယ်သူပြောလိုက်၏။ "နောက်ပြီး ရိဆာက ငါရဲ့ ဂမုန်းနက်ကို စိုက်ပေးလိမ့်မယ်။ ဒါဆို သူချမ်းသာသွားလိမ့်မယ်၊ ပျော်လည်း ပျော်ရွှင်သွားလိမ့်မယ်။"

■

ထိုနေ့ည နေခင်းရောက်သောအခါ ကော်နဲလီးယပ်စ်ကရိဆာလာသည်ကို စောင့်နေခဲ့သည်။ သူသည်ခေါင်းလောင်းထိုးသံကို ကြားလိုက်ရ၏။ ခေါင်းလောင်းက ကိုးကြိမ်တိုင်တိုင် ထိုးလိုက်ပါသည်။ ထိုနောက်တွင် အချုပ်ခန်းတံခါးမှ အပေါက်ငယ်ကလေးပွင့်သွားပြီး ကော်နဲလီးယပ်စ်သည် ရိဆာ၏မျက်နှာကလေးကို ထပ်မံ၍တွေ့လိုက်ရ၏။

"ကျွန်မရောက်ပြီလေ" ရိဆာကပြောလိုက်၏ "ညတိုင်းအဖေရဲ့ဝိုင်အရက်ပြင်းပြင်းတွေ ကျွန်မ ရှင့်ဆီကိုယူလာပေးမယ်။ သူအိပ်ပျော်နေလိမ့်မယ်။ အဲဒီနောက် ကျွန်မဒီကိုလာပြီး ရှင်နဲ့စကားပြောပါမယ်"

"ကြည့်ပါအုံး ကော်နဲလီးယပ်စ်၊ ကျွန်မ ရှင့်ရဲ့ဂမုန်းပန်းဥတွေ ကျွန်မ ဒီကိုယူလာခဲ့တယ်" ဟု သူမကပြောပြလိုက်ပါသည်။ "ဒီဥတွေ စက္ကူထုပ်ထဲမှာ လုံလုံခြုံခြုံရှိနေပါတယ်။ ဥတွေကို ယူလိုက်လေ၊ ဒါတွေက ရှင်ပိုင်တဲ့ဟာတွေပါ။ ကျွန်မ မပိုင်ပါဘူး"

"မဟုတ်သေးဘူး ရိဆာ" ကော်နဲလီးယပ်စ်က ပြောလိုက်၏ "ကိုယ့်မှာ ပိုကောင်းတဲ့စိတ်ကူးတစ်ခုရှိတယ်။ ကိုယ်က ပန်းဥတစ်လုံးကို ယူထားမယ်။ အဲဒီဥကို ကိုယ်စမ်းစိုက်ကြည့်မယ်။ ကိုယ့်အချုပ်ခန်းထဲမှာ အိုးတစ်လုံးရှိနေတယ်"

"ကိုယ့်ဆီကို မနက်ဖြန်ကျရင်မြေကြီးနည်းနည်း ယူလာခဲ့ပါလား" ကော်နဲလီးယပ်စ်ကပြောလိုက်၏။ "ကိုယ်ဒီဥကိုအိုးထဲမှာ စိုက်ပျိုးထားလိုက်မယ်။ မင်းက ဒုတိယဥကို မြေကြီးထဲမှာချစိုက်ထားရမယ်။ ဒီဥကို ဂရုစိုက်ပါနော်။ ဒါပေမဲ့ တတိယဥကိုတော့ စက္ကူထုပ်ထဲမှာပဲသိမ်းထားလိုက်ပေါ့"

"ကျွန်မတို့ ဒီနေရာမှာ ဥယျာဉ်တစ်ခုရှိတယ်" ရိဆာက ပြောပြလိုက်၏။ "ဥယျာဉ်မြေကကောင်းတယ်။ ရှင့်ရဲ့အိုးထဲ တည့်ဖို့မြေတွေ ကျွန်မယူလာပေးမယ်။ ကျွန်မတို့ တစ်ယောက်ချင်းစီ အနက်ရောင်

ဂမုန်း တစ်ပင်စီ စိုက်ကြတာပေါ့။ ကျွန်မတို့ကို ဘုရားသခင်က ကူညီစောင့်ရှောက်ပါလိမ့်မယ်"

ကော်နဲလီးယပ်စ်နှင့် ရိဆာတို့သည် နာရီဝက်ခန့်ကြာအောင် စကားပြောနေခဲ့ကြ၏။ ထိုနောက်တွင် ရိဆာကကျွန်မသွားမှဖြစ်မယ်။ နှုတ်ဆက်ပါတယ်။ အချစ်ရေ" ဟုပြောလိုက်ပါသည်။

သူမက တူးလစ်ဂမုန်းဥတစ်လုံးကို ကော်နဲလီးယပ်စ်အား ပေးလိုက်ပါသည်။ သို့သော် ကျွန်နှစ်လုံးကိုမူ သူမက သိမ်းထားလိုက်၏။

နောက် သုံးရက်မြောက်ညနေခင်းတွင် ရိဆာက ဥယျာဉ်ထဲမှ မြေများကို လူငယ်လေးထံ သယ်လာပေးခဲ့၏။ သူကမြေများကို အိုးထဲသို့ထည့်လိုက်ပါသည်။ တတိယမြောက်ညနေခင်းမှာပင်သူက ဥကို မြေသားထဲတွင် စိုက်ပျိုးထားလိုက်၏။

ရိဆာကလည်း သူမထံရှိ ဥနှစ်လုံးအနက်တစ်လုံးကို စိုက်ပျိုးထားခဲ့၏။ သို့သော် သူမက ယင်းဥကလေးအား ဥယျာဉ်ထဲတွင် မစိုက်ခဲ့ပေ။ သူမက အိုးတစ်ခုထဲတွင်စိုက်ထားခဲ့၏။ ထို့ပြင် ထိုအိုးကလေးအား သူမနေထိုင်သည့်အခန်းထဲတွင် သိမ်းထားခဲ့ပေသည်။

အချိန်များ ကုန်ဆုံးလွန်မြောက်သွားခဲ့ကြ၏။ ရိဆာ၏ဖခင်သည် ညနေတိုင်းမှာပင် ညစာစားသောက်ပြီးနောက် အိပ်ပျော်သွားလေ့ရှိ၏။ ထို့ပြင် ညနေတိုင်းမှာပင် ကိုးနာရီထိုးလျှင် ရိဆာသည်

ကော်နဲလီးယပ်စ်၏ အချုပ်ခန်းရှိရာသို့ သွားခဲ့လေသည်။

"အိုရှိဆာ မင်းဟာ ကိုယ့်အပေါ်သိပ်ကြင်နာတာပဲ" တစ်ညနေခင်းတွင် ကော်နဲလီးယပ်စ်ကပြောလိုက်ပါသည်။ "ကိုယ် မင်းကို ဘယ်လိုအကူအညီပေးရပါမလဲ" ရိဆာကပြုံးလိုက်ပါသည်။

"ကျွန်မက စာလည်းမရေးတတ်ဘူး၊ ဖတ်လည်းမဖတ်တတ်ဘူး။ ဒါကြောင့် ကျွန်မစာရေးတတ်ဖတ်တတ်ချင်တယ်" သူမကပြောပြလိုက်၏။ "ရှင် ကျွန်မရဲ့ဆရာလုပ်မလား ကော်နဲလီးယပ်စ်"

"ကိုယ့်မှာ ဘာစာအုပ်မှမရှိဘူး ရိဆာ" ဟု ကော်နဲလီးယပ်စ်ကပြောလိုက်ပါသည်။

"ကျွန်မမှာ စာအုပ်တစ်အုပ်ရှိတယ်" ရိဆာက ပြန်ပြောပြလိုက်၏။ "ရှင်ရဲ့အုပ်ထိမ်းသူ ကော်နဲလီးယပ်စ်ဒီဝစ်က ကျွန်မကို စာအုပ်တစ်အုပ်ပေးခဲ့တယ်။ ကျေးဇူးပြုပြီး ကျွန်မရဲ့ဆရာလုပ်ပါနော်၊ ကော်နဲလီးယပ်စ်။

ကော်နဲလီးယပ်စ်က ရိဆာအားပြုံးပြလိုက်ပါသည်။

"ဟုတ်ပြီ။ ကိုယ်မင်းရဲ့ ဆရာလုပ်ပါမယ်" ဟု သူကပြောလိုက်ပါသည်။

■

အခန်း(၈)

ကျက်စကဉ်စစ်ဆယ်လ်

တဖြည်းဖြည်းပင်ဆောင်းရာသီသည် ကုန်ဆုံးသွားခဲ့ရ၏။ ညနေတိုင်းပင် ရိဆာသည် ကော်နဲလီးယပ်စ်၏ အချုပ်ခန်းသို့ လာရောက်ခဲ့သည်။ ရိဆာသည် ဖယောင်းတိုင်တစ်တိုင်ကို အမြဲယူဆောင်လာလေ့ရှိ၏။ ဖယောင်းတိုင်မှ အလင်းရောင်သည် သူမ၏ ချစ်စဖွယ် လှပသောမျက်နှာနှင့် ရွှေရောင်ဆံပင်တို့အပေါ်သို့ တောက်ပလင်းလျက်ရှိ၏။ ညနေခင်းတိုင်းပင် သူမက စာအုပ်ကို သူမနှင့်အတူ ယူဆောင်လာခဲ့၏။ သူမက အချုပ်ခန်းတံခါးမှ အပေါက်ကလေးအနီးတွင်ကပ်၍ စာအုပ်ကိုမြောက်ကိုင်ထားရ၏၊ ကော်နဲလီးယပ်စ်က စာရေးစာဖတ်အတတ်ကို သူမအားသင်ကြားပြသပေးခဲ့ရ၏။ သူက စာအုပ်ထဲရှိ စာများကို လက်ဖြင့်ထောက်ပြရ၏။ စကားလုံးများကို ရွတ်ဆိုပြရ၏။ ရိဆာသည် ထိုသူငယ်အား အတော်ပင် ချစ်ခင်တွယ်တာနေခဲ့လေသည်။ ထို့ပြင် ကော်နဲလီးယပ်စ်က အပေါက်ကလေးမှတစ်ဆင့် သူတို့၏ လက်ချင်းထိတွေ့ခဲ့ကြရ၏။

သို့သော် တစ်ညနေခင်းတွင်မူ ရိဆာသည်နာရီဝက်ခန့် နောက်ကျနေခဲ့၏။

"ကျွန်မကို စိတ်မရှိနဲ့နော်" သူမက ကော်နဲလီးယပ်စ်ကို ပြောပြလိုက်ပါသည်။ "ကျွန်မအဖေဆီကို ဧည့်သည်တစ်ယောက်ရောက်နေလို့ပါ။ ဒီလူက ကျွန်မအဖေနဲ့ ဟော်အကျဉ်းထောင်မှာတွေ့ခဲ့တာ။ သူကနေ့တိုင်း ဒီကိုလာတယ် သူကအဖေ့အတွက် ငိုင်အရက်တွေဝယ် ဝယ်လာတယ်"

"ဒီလူက ကိုယ့်အကြောင်းတွေမေးသေးလား" ဟု ကော်နဲလီးယပ်စ်က ရိဆာအားမေးလိုက်ပါသည်။

"မမေးပါဘူး" ရိဆာကပြန်ပြောလိုက်သည်။ "သူကရှင့်ကို စိတ်ဝင်စားတာမဟုတ်ဘူး ကော်နဲလီးယပ်စ်၊ သူက ကျွန်မကိုစိတ်ဝင်စားနေတာလေ"

"ဒီလူကငယ်သလား" ကော်နဲလီးယပ်စ်ကမေးလိုက်၏။ "သူကရုပ်ဖြောင့်တဲ့သူလား"

"မဟုတ်ဘူး" ရီဆာက ဖြေရပြန်၏။ "သူကအဖိုးကြီး နောက်ပြီးတော့ ရပ်ကလည်းသိပ်ဆိုးတယ်။ သူမှာက ချောင်နေတဲ့မျက်နှာနဲ့ ဆံပင်ဖြူတွေရှိတယ်။ သူ့နာမည်က ဂျက်ကော့ဂစ်ဆဲလ် တဲ့"

■

အဖိုးကြီးဂရီးဖပ်စ်သည် နေ့တိုင်းပင် ကော်နဲလီးယပ်စ်၏ အချုပ်ခန်းရှိရာသို့ တစ်နေ့သုံးကြိမ်လာရောက်လေ့ရှိ၏ သူက အကျဉ်းသားအတွက် စားစရာသောက်စရာများ ယူဆောင်လာခြင်းဖြစ်သည်။ ထိုထောင်မှူးအိုကြီးသည် အလွန်သဘောဆိုးရွားသော လူတစ်ယောက်ဖြစ်လေသည်။ သူက အမြဲလိုလိုပင် ကော်နဲလီးယပ်စ်အား အော်ဟစ်ကြိမ်းမောင်းနေခဲ့၏။

ကော်နဲလီးယပ်စ်က သူ၏ ဂမုန်းပန်းစိုက်ပျိုးထားသောအိုးအား အချုပ်ခန်း၏ မှောင်နေသော ထောင့်တစ်ထောင့်တွင် သိမ်းဆည်းထားခဲ့၏။ နေ့စဉ်ပင်သူက ယင်းအိုးအား ဂရုတစိုက်စောင့်ကြည့်နေခဲ့ပေသည်။

တစ်မနက်ခင်းတွင်မူ သူသည်အစိမ်းရောင်အလျောင့် ကလေးထွက်နေသည်ကို တွေ့မြင်လိုက်ရ၏။တူးလစ်ဂမုန်းပင်ပေါက်နေချေပြီ။ ကော်နဲလီးယပ်စ်က သူ၏လက်ထဲတွင် အိုးကိုဆုတ်ကိုင်ထားမိ၏။ သူသည်အလွန်ပင်ပျော်ရွှင်နေပေသည်။ ဂရီးဖပ်စ်က အချုပ်ခန်းတံခါး ဖွင့်လိုက်သည်ကိုသူမကြားလိုက်မိတော့ပေ။

"ဒီအိုးထဲကဘာလဲ" ဟု ဂရီးဖပ်စ်က အော်ဟစ်မေးလိုက်၏။

"ဒါက ဂမုန်းပင်ပါ" ဟု ကော်နဲလီးယပ်စ်က ပြန်ဖြေလိုက်၏။

"မင်းကဘာကြောင့် ဂမုန်းကိုစိုက်ပျိုးထားရတာလည်း" ဟု ဂရီးဖပ်စ်ကမေးလိုက်ပါသည်။

ထိုထောင်မှူးကြီးက သူ၏လက်များဖြင့် အိုးကိုဆုတ်ကိုင်လိုက်၏။ သူကအိုးကိုဆွဲယူလိုက်ပါသည်။ သို့သော် ကော်နဲလီးယပ်စ်က

လည်း အိုးကိုမလွတ်ပဲ ကိုင်ထားလိုက်၏။ ဂရီးဖပ်စ်က အိုးအတွင်း သို့လက်ချောင်းများကို ထိုးသွင်းလိုက်၏။ သူကဂမုန်းဥကို ကြမ်းပေါ်သို့ပစ်ချလိုက်ပြီးခြေထောက်ဖြင့်နင်းချေပစ်လိုက်လေသည်။

ကော်နဲလီးယပ်စ်က ကျယ်လောင်သော အသံဖြင့် အော်လိုက်မိ၏။ သူက ထိုထောင်မှူး၏ ခေါင်းပေါ်သို့ အိုးကိုမြှောက်လိုက်ပါသည်။ သူကအိုးဖြင့်အဖိုးကြီးအားထုလိုက်ရန်ဖြစ်ပေသည်။ သို့သော် ထိုအခိုက်အတန့်မှာပင် ရိဆာ၏အသံကို သူကြားလိုက်ရ၏။

"ရပ်၊ ရပ်လိုက်" ဟု ရိဆာက အော်ဟစ်လိုက်၏။ သူမက အချုပ်ခန်းအတွင်းသို့ ပြေးဝင်လာခဲ့ပါသည်။

"အဖေ အဖေဘာလုပ်လိုက်တာလည်း" ဟု ရိဆာကမေး လိုက်၏။

"ငါ ဂမုန်းဥပေါ်တက်နင်းလိုက်မိတာပါ ဒါပါဘဲ" ဂရီးဖပ်စ်က ပြောလိုက်၏။ "ဂမုန်းဥတစ်ခုက ဘာမှတန်တာမဟုတ်တာ။ ကဲလာ ရိဆာ အချုပ်သားကို သူ့ဘာသာထားခဲ့တော့ သူကရှုးနေပြီ"

ဂရီးဖပ်စ်က သူ၏အခန်းဘက်သို့ပြန်သွားခဲ့၏။

သို့သော် ဂျက်ကော့ဂစ်ဆဲလ်က အော်ဟစ်သံများကို ကြားသွားခဲ့၏။ သူကထောင်မှူး၏အခန်းသို့သွားလိုက်ပါသည်။

"ဘာအဆင်မပြေဖြစ်လို့လည်း မစ္စတာဂရီးဖပ်စ် ဟု သူက ထောင်မှူးအိုကြီးအားမေးလိုက်ပါသည်။

"အဆင်မပြေတာဘာမှမရှိပါဘူး။ မစ္စတာဂျက်ကော့" ဟု ဂရီးဖပ်စ်က ပြန်ပြောလိုက်၏။ "ရှုးနေတဲ့အကျဉ်းသားတစ်ယောက်က အော်ဟစ်နေတာပါ။ သူ့နာမည်က ကော်နဲလီးယပ်စ်ဗန်ဘေးတဲ့ သူက ဂမုန်းဥတစ်ခုနဲ့ပတ်သက်ပြီး အော်ဟစ်နေတာပါ။ ဒါပါပဲဗျာ ဂမုန်းဥ တစ်ခုအတွက်လေ"

"ဂမုန်းဥ ဟုတ်လား" အဲဒါက ဘယ်မှာလည်း။ ကျွန်တော် ကြည့်ပါရစေ" ဟု ဂျက်ကော့က ပြူးတူးပြဲတဲမေးလိုက်ပါသည်။

"ကျွန်တော် အဲဒီဥကို တက်နင်းပစ်လိုက်ပြီ" ဟု ဂရိုးဖပ်စ်တာ ပြောလိုက်၏။ သူကရယ်လိုက်ပါသည်။

"ခင်ဗျားအရူးကြီးဘဲ" ဂျက်ကော့ကအော်ဟစ် ထည့်လိုက်ပါသည်။ "တခြားဥတွေကကော ဘယ်မှာလည်း"

"တခြားဟာတွေဟုတ်လား။ မကြာမီဆိုဈေးထဲမှာ ဂမုန်းပန်းတွေ ရာနဲ့ချီပြီး ရှိနေမဲ့ဟာပဲ" ဟု ဂရိုးဖပ်စ်က ပြန်ပြောလိုက်၏။ "ဈေးထဲမှာ ဂမုန်းပန်းတွေ ဝယ်လိုက်ပေါ့ဂျက်ကော့။"

ထိုအချိန်မှာပင် ရိုဆာသည် သူမဖခင်၏ အခန်းတွင်းသို့ဝင်ရောက်လာခဲ့၏။

"ဒီဂမုန်းဥက ရိုးရိုးဥမဟုတ်ဘူး" ဟု ရိုဆာက တိုးတိုးပြောပြလိုက်၏။

ဂျက်ကော့ဂစ်ဆယ်လ်က သူငယ်မကလေးအားသေသေချာချာကြည့်လိုက်ပါသည်။

"ဂမုန်းပင်တွေအကြောင်း မင်း ဘာတွေသိသလဲ ရိုဆာ" ဟု သူက မေးလိုက်၏။

"ကျွန်မ တူးလစ်ဂမုန်းပင်တွေအကြောင်း ဘာမှမသိပါဘူး" ဟု ရိုဆာက အလျှင်အမြန်ပြန်ပြောလိုက်ပါသည်။ "ဒါပေမဲ့ ဒီအကျဉ်းသားက အဲဒီဂမုန်းပန်းကို သိပ်မြတ်နိုးတယ်။ ကျွန်မ အဖေက အတော် အကြင်နာကင်းမဲ့တာပဲ"

ထိုနေ့ည ကိုးနာရီထိုးသောအခါတွင်ရိုဆာသည် ကော်နဲလီးယပ်စ်၏ အချုပ်ခန်းသို့လာခဲ့၏။ သူမက ကော်နဲလီးယပ်စ်အားဂျက်ကော့ပြောခဲ့သည့် စကားများကို ပြောပြလိုက်ပါသည်။

ကော်နဲလီးယပ်စ်သည် မျက်နှာပျက်သွား၏။ သူသည်စိုးရိမ်ပူပင်သွားမိ၏။

"ဒီလူ ဂျက်ကော့ဂစ်ဆဲလ်ဟာ ကိုယ့်ရဲ့ ဂမုန်းဥတွေကို ခိုးယူချင်နေတာပဲ" သူက ပြောလိုက်၏။ တတိယဥကို ဂရုစိုက်ပါ ရိုဆာ။

မနက်ဖြန်ကျရင် ကိုယ့်ဆီလာမတွေ့နဲ့တော့။ မင်းဒီမှာဆိုရင် အန္တရာယ် ရှိနိုင်တယ်။

"ကျွန်မသဘောပေါက်ပါပြီ ကော်နဲလီးယပ်စ်" ဟု ရီဆာက ပြောလိုက်ပါသည်။ သူမသည် ငိုနေပေပြီ။

"ကျွန်မက ဒီ ဂမုန်းဥတွေကို ဂရုစိုက်ထားပါ့မယ်။ ဒါပေမဲ့ ကျွန်မ ရှင့်ဆီကိုတော့မလာတော့ဘူး" ရီဆာက ပြောလိုက်၏။ "ရှင်က ရှင်ရဲ့ဂမုန်းပင်တွေကိုပဲချစ်တာ။ ရှင်က ကျွန်မကိုချစ်တာ မဟုတ်ဘူး။ နွှတ်ဆက်ခဲ့ပါတယ် ကော်နဲလီးယပ်စ်"

ရီဆာသည် ခပ်သွက်သွက်ထွက်သွားခဲ့၏။ ကော်နဲလီးယပ်စ် သည် မှောင်မဲနေသော အချုပ်ခန်းအတွင်းရှိ ကုတင်ပေါ်တွင် ငုတ်တုတ် ထိုင်နေမိ၏။ သူသည်အလွန်ပင် စိတ်မကောင်းဖြစ်နေမိလေသည်။

ထိုညတွင် ထိုသူငယ်ကလေးသည် အိပ်မက်ပေါင်းများစွာကို မြင်မက်ခဲ့၏။ သို့သော် သူသည် ဂမုန်းနက်အကြောင်းကိုမူ အိပ်မက်မြင်မက်ခဲ့ခြင်းမရှိပေ။ သူသည် ရီဆာ၏ လှပသောအပြာရောင် မျက်လုံးများကိုသာ မြင်မက်နေခဲ့၏။ ကော်နဲလီးယပ်စ်သည် ရီဆာအား အလွန်ပင်ချစ်၍နေပေပြီ။

■

အခန်း (၉)
ဂမုန်းနက်

ရိုဆာသည် အလွန်ပင်မပျော်ရွှင်နိုင်ဘဲ ရှိနေခဲ့၏။ သူမသည် သူမ၏အခန်းထဲတွင် တစ်ယောက်ထဲရှိနေပါသည်။

"ကော်နဲလီးယပ်စ်ဟာ ငါထက်သူရဲ့ ဂမုန်းတွေကို ပိုချစ်တယ်" ဟု သူမကတွေးနေမိ၏။

ရိဆာကညိုးငယ်စွာဖြင့် သူမ၏အခန်းထောင့်ရှိ အိုးကြီးအား ကြည့်လိုက်ပါသည်။ ကော်နဲလီးယပ်စ်က "ဒုတိယဂမုန်းဥကိုမြေကြီး မှာချစိုက်ထားပါ" ဟူ၍ ပြောခဲ့ပေသည်။ သို့သော် သူမက ထို့ကဲ့သို့မ လုပ်ခဲ့ပေ။ ထို ဒုတိယဥသည် မြေကြီးထဲတွင်မရှိချေ။ ယင်းဥသည် သူမ၏အခန်းတွင်းရှိအိုးထဲတွင် ရှိနေ၏။ ရိဆာက ထိုအိုးအကြောင်း ကော်နဲလီးယပ်စ်အား ပြောမပြခဲ့ပေ။

"ဒီဥကပေါက်လာလေမလား" ရိဆာက သူမဘာသာပြော နေမိ၏။ "ဒီဥက အနက်ရောင်ဂမုန်းဖြစ်လာမှာလား"

ရိဆာက နာရီပေါင်းများစွာကြာအောင်ထိုအိုးကိုကြည့်နေခဲ့၏။ သို့သော်သူမသည် ကော်နဲလီးယပ်စ်ထံသို့မူ မသွားရောက်တော့ပေ။

"သူက ငါ့ကိုတွေ့ချင်တာမဟုတ်ဘူး" ဟု ရိဆာက သူ့ကိုယ် သူပြောလိုက်၏။

ညနေခင်းရောက်တိုင်းပင် ကော်နဲလီးယပ်စ်သည် ရိဆာအား စောင့်မျှော်နေခဲ့၏။ သို့သော်လည်း သူမသည် သူ၏အချုပ်ခန်းသို့ ရောက်မလာခဲ့ချေ။

"အကျဉ်းသားကောင်လေးတော့ မကြာခင်သေမှာပဲ" ဂရိုးဖပ်စ် က တစ်နေ့တွင် ရိဆာအားပြောပြလိုက်၏။ "သူက စားလည်းမစား ဘူး သောက်လည်းမသောက်တော့ဘူး"

ရိဆာသည်မျက်နှာဖျက်သွားပါသည်။

"ကော်နဲလီးယပ်စ်ဟာ သူ့ရဲ့ ဂမုန်းတွေနဲ့ပတ်သက်ပြီး စိတ် မချမ်းမသာဖြစ်နေတာပဲ" ဟု သူမကတွေးလိုက်၏။

> စိတ်မချမ်းမသာဖြစ်မနေပါနဲ့ ကော်နဲလီးယပ်စ် ရှင့်ရဲ့ ဂမုန်းနက်တွေ လုံလုံခြုံခြုံရှိနေပါတယ်။
>
> ရိဆာ

နောက်တစ်နေ့ မနက်ရောက်သောအခါ သူမ ကော်နဲလီးယပ်စ်၏ အချုပ်ခန်းတံခါးအောက်မှ စာတိုကလေးတစ်စောင်ကို ထိုးသွင်းပေးလိုက်ပါသည်။

> ဒီအနက်ရောင် ဂမုန်းတွေက အရေးမကြီးပါဘူး။ ဒါပေမဲ့ ကိုယ်မင်းကို တွေ့ချင်တယ် သိပ်သိပ်ချစ်ရတဲ့ ရိုဆာ။
>
> ကော်နဲလီးယပ်စ်

ထိုနောက်တွင်ကော်နဲလီးယပ်စ်က ထိုစာရွက်ကလေး၏ ကျောဘက်တွင် ပြန်စာကိုရေးပေးလိုက်ပါသည်။ သူက တံခါးအောက်မှပင် ရိုဆာအတွက် စာရွက်ကိုထိုးပေးလိုက်၏။

နောက်တစ်နေ့ ညနေသို့ရောက်သောအခါတွင် ရိုဆာသည် ကော်နဲလီးယပ်စ်၏ အချုပ်ခန်းသို့ရောက်ရှိလာခဲ့၏။

"အို ကိုယ့်အလှကလေးရိုဆာ ကိုယ်မှာတော့ စိတ်မချမ်းမသာဖြစ်လိုက်ရတာ။ မင်းပြောချင်တဲ့ သတင်းကဘာလဲ" ဟု ကော်နဲလီးယပ်စ်ကပြောလိုက်ပါသည်။

"ဂျက်ကော့ဂစ်ဆဲလ် ဒီနေ့မနက်က ကျွန်မရဲ့ဥယျာဉ်ထဲရောက်လာခဲ့တယ်" ရိုဆာကပြန်ပြောလိုက်၏။ "သူက အဲဒီမှာတစ်ခုခုလိုက်ရှာနေခဲ့တယ်"

"သူ ဒုတိယတူးလစ်ဂမုန်းဥကိုရှာတွေ့သွားလိမ့်မယ်" ဟု ကော်နဲလီးယပ်စ်ကပြောလိုက်ပါသည်။

ရိုဆာကပြုံးလိုက်ပါသည်။

"ရှင့်ရဲ့ ဒုတိယတူးလစ်ဂမုန်းဥက လုံလုံခြုံခြုံရှိနေပါတယ်" ရိုဆာကပြောပြလိုက်၏။ "အဲဒီဥကို ကျွန်မက ဥယျာဉ်ထဲမှာ စိုက်ခဲ့တာမဟုတ်ဘူး။ ကျွန်မက အိုးတစ်အိုးထဲမှာ စိုက်ထားခဲ့တာ။ အဲဒီအပင်က ကျွန်မအခန်းထဲမှာ ရှိနေတယ်"

"အဲသလိုလုပ်ခဲ့တဲ့အတွက်ဘုရားသခင်ကို ကျေးဇူးတင်မိပါရဲ့" ဟုကော်နဲလီးယပ်စ်ကပြောလိုက်ပါသည်။

ရိဆာက စိတ်မကောင်းစွာပြုံးလိုက်ပါသည်။

"ပထမဆုံး ရှင်က ရှင်ရဲ့ဂမုန်းနက်ကိုချစ်တာ။ အဲဒါပြီးမှ ရှင် ကျွန်မကိုချစ်တာပဲ" ဟု ရိဆာကပြောလိုက်၏။

"ဒီလိုမဟုတ်ဘူး ရိဆာ" ကော်နဲလီးယပ်စ်က ပြန်ပြောလိုက်ပါသည်။ "ဒါပေမဲ့ အနက်ရောင်ဂမုန်းကို မင်း စိုက်ပျိုးမှဖြစ်မယ်။ မင်းအနေနဲ့ ဂီလ်ဒါ တစ်သိန်းဆုငွေကိုရမှာ။ အဲဒီနောက် မင်းအနေနဲ့ လူကောင်းသူကောင်း တစ်ယောက်ကို လက်ထပ်ယူနိုင်တယ်။ ဒီကြောက်စရာကောင်းတဲ့နေရာကနေ မင်းထွက်သွားနိုင်တယ်"

"ကျွန်မကို ရှင်က သွားစေချင်လို့လား" ဟု ရိဆာကဝမ်းပမ်းတစ်နည်းမေးလိုက်၏။

"မသွားစေချင်ပါဘူး။ ကိုယ်မင်းကိုနေ့တိုင်း တွေ့ချင်မြင်ချင်ပါတယ်" ကော်နဲလီးယပ်စ်က ပြန်ပြောလိုက်ပါသည်။ "ကိုယ် မင်းကို ချစ်ပါတယ်။ ရိဆာ"

"ဒါဆိုရင် ကျွန်မနေတိုင်းဒီကိုလာခဲ့မယ်။" ရိဆာက ပြောလိုက်၏။ "ဒါပေမဲ့ သုံးရက်လောက် ဂမုန်းနက်ဆိုတဲ့စကားလုံးကို မပြောနဲ့လေ"

ရိဆာက ထိုသူငယ်အားပြုံးပြလိုက်ပါသည်။

"ကိုယ်နောက်ထပ်ဘယ်တော့မျှ အဲဒီစကားလုံးကို ထုတ်မပြောတော့ပါဘူး" ဟု ကော်နဲလီးယပ်စ်ကပြန်ပြောလိုက်၏။

ရိဆာ သဘောကျစွာရယ်လိုက်ပါသည်။ သူမက မျက်နှာကလေးအား တံခါးရှိအပေါက်ငယ်ကလေးနားကပ်၍ပေးလိုက်၏ ကော်နဲလီးယပ်စ်က သူမ၏ မျက်နှာအားနွေတ်ခမ်းဖြင့် နမ်းလိုက်ပါသည်။

ကော်နဲလီးယပ်စ်သည် အကျဉ်းထောင်ထဲတွင်ရှိနေသော်လည်း သူသည်ပျော်ရွှင်နေသောသူတစ်ဦးဖြစ်ခဲ့ရလေပြီ။ ရိဆာသည်

သူ့အား ချစ်ခင်မြတ်နိုး၏။ ထို့ပြင် သူ၏ ဂမုန်းနက်သည်လည်း သူမ၏ အခန်းထဲတွင် လုံလုံခြုံခြုံရှိနေပေသည်။

နောက်တစ်နေ့တွင် ဂရီးဖပ်စ်က သူ၏မိတ်ဆွေဂျက်ကော့ဂစ်ဆယ်အား အကျဉ်းသားအကြောင်းပြောပြလိုက်၏။

"ကော်နဲလီးယပ်စ်ဗန်ဘေးဟာ ကနေ့တော့ပျော်နေတဲ့လူတစ်ယောက်ဖြစ်နေတယ်" ဟု ထောင်မှူးကပြောလိုက်၏။

"သူက ဘာကြောင့် ပျော်ရွှင်နေတာလည်း သူကသူရဲ့ အချုပ်ခန်းထဲမှာ တစ်ခုခုများ သိုဝှက်ထားခဲ့လေသလား" ဟု ဂစ်ဆယ်လ်ကမေးလိုက်ပါသည်။

"ဟုတ်ပြီ၊ ခင်ဗျားပြောတာဟုတ်တယ်။" မနက်ဖြန်ကျရင် ကျွန်တော်ရှာကြည့်ရမယ်။" ဟု ဂရီးဖပ်စ်က ပြောလိုက်၏။

နောက်တစ်နေ့တွင် ဂရီးဖပ်စ်က အကျဉ်းသား၏အချုပ်ခန်းထဲတွင်နေရာ အနံ့ရှာဖွေကြည့်လိုက်၏။ သို့သော်သူသည် ဘာတစ်ခုမှ ရှာဖွေ၍မတွေ့ခဲ့ပေ။ ကော်နဲလီးယပ်စ်က သူ့အားကြည့်၍ ရယ်မောပစ်လိုက်၏။



နောက်နှစ်ရက်ကျော်ကျော်ကြာပြီးနောက် ရီဆာတွင် သတင်းကောင်း တချို့ရှိနေခဲ့ပေပြီ။

"ရှင်ရဲ့ဂမုန်းပန်းကပေါက်လာပြီ" ဟု သူမကပြောပြ လိုက်၏။

ထိုနောက်တွင် ရီဆာက နေ့စဉ်နေ့တိုင်းပင် ဂမုန်းပန်း သတင်းကို ယူဆောင်လာခဲ့၏။

တစ်နေ့တွင် ရီဆာက "နောက်ပြီးအခုဆိုအပူးက အနက်ရောင်ဖြစ်နေပြီ" ဟု ပြောပြခဲ့၏။

"အပူးက အနက်ရောင် ဟုတ်လားရီဆာ မင်းဒီကိစ္စသေချာရဲ့လားကွာ" ဟု ကော်နဲလီးယပ်စ်ကပေးလိုက်ပါသည်။

"ရှင့်ရဲ့ ဂမုန်းပန်းအပူးက အနက်ရောင်ပါ ကော်နဲလီးယပ်စ်ရဲ့" ရီဆာက ပြန်ပြောပြလိုက်၏။ "ပန်းပွင့်ကလည်း အနက်ရောင်ပဲ ဖြစ်မှာပါ"

"ဒါက ကိုယ့်ရဲ့တူးလစ်မဟုတ်ဘူး၊ မင်းရဲ့တူးလစ်ပါရီဆာ" ဟု ကော်နဲလီးယပ်စ်က ပြောလိုက်ပါသည်။ "ကဲ ကိုယ်ပြောမှာကိုနားထောင်။ အဲဒီဂမုန်းပင်ကို မင်း ဟာလမ်ကိုယူသွားမှဖြစ်မယ်"

"ကျွန်မက အဲဒီအပင်ကို ဟာလမ်ကိုယူသွားရမယ် ဟုတ်လား။ ဟင့်အင်း မသွားဘူး။ ကျွန်မ ရှင့်ကိုမထားခဲ့နိုင်ဘူး။ ကော်နဲလီးယပ်စ်" ဟု ရီဆာက ပြောလိုက်၏။

"ဒါဆိုရင်ပန်းစိုက်သူများ အသင်းရဲ့ဥက္ကဋ္ဌ ဒီကိုလာမှဖြစ်မယ်" ကော်နဲလီးယပ်စ်ကပြောလိုက်ပါသည် "သူ လိုဇင်စတိန်း ကိုလာမှ ဖြစ်မယ်။ သူ့အနေနဲ့ ကိုယ်တို့ရဲ့ ဂမုန်းပန်းအနက်ကို တွေ့မြင်သွားမှ ဖြစ်မယ်"

နောက်တစ်နေ့ညနေခင်းတွင်ရှိဆာက ယင်းပန်းပင်အား ကော်နဲလီးယပ်စ်၏ အချုပ်ခန်းသို့ ယူဆောင်လာခဲ့၏။ ဂမုန်းပန်းပင်ကလေးသည် မြင့်၍ဖြောင့်တန်းနေ၏။ အဖူးမှာပွင့်နေပေပြီ၊ ပန်းပွင့်မှာလှပလွန်းလှ၏။ ထိုပြင်ယင်းမှာအနက်ရောင်ဖြစ်ချေသည်။

"ဘုရားသခင်ရဲ့ကျေးဇူးပါပဲကွာ" ဟု ကော်နဲလီးယပ်စ်က ပြောလိုက်ပါသည်။ "ကိုယ်တို့ရဲ့ ဂမုန်းနက်ဟာ ဘုရားသခင်က ကိုယ်တို့ကို ပေးခဲ့တာပဲ။ နောက်ပြီးတူးလစ်ပန်းပင်က လုံလုံခြုံခြုံ ရှိနေတယ်လေ"

သို့သော်ကော်နဲလီးယပ်စ်၏ အထင်မှာမှား၍ နေပေသည်။ သူ၏လှပလှသော ဂမုန်းနက်ပင်ကလေးတွင် ကြီးစွာသော အန္တရာယ် ရှိနေခဲ့လေသည်။

■

အခန်း (၁၀)
စနာက်ဆုံးတွင်အမှန်တရားပေါ်ပေါက်ခဲ့ခြင်း

ကျက်ကော့ဂစ်ဆဲလ်သည် ဘယ်သူဖြစ်ပါသလဲ။ ကျက်ကော့ဂစ်ဆဲလ်သည် အိုက်ဆက်ဘောက်တဲလ်ပင် ဖြစ်ပေသည်။ သူသည် ဂမုန်းနက်ကို လိုချင်နေ၏။ သူသည် ဆင်ဂေဂီလ်ဒါ တစ်သိန်းကို ရယူချင်နေပေသည်။

ဘောက်တဲလ်က ရိဆာအားနေ့စဉ်ပင်စောင့်ကြည့်နေခဲ့၏။ သူက သူမအားဥယျာဉ်ကလေးထဲတွင် တွေ့နေခဲ့ရပါသည်။

သို့သော် ဂမုန်းပန်းသည် ဥယျာဉ်ထဲတွင်မရှိပေ။ ဒီပန်းဘယ်မှာရှိနေသလဲ။ သူ့အနေနှင့်ယင်းအား မည်သည့်နေရာတွင်မှ ရှာမတွေ့ခဲ့ပေ။ အဆုံးဦးဘောက်တယ်လ်သည် သဘောပေါက်သွားခဲ့၏။ ထိုဂမုန်းပန်းအနက်သည် ရိဆာ၏ အခန်းထဲတွင်ရှိနေ ချေသည်တကား။ ယင်းမှာ အိုးတစ်အိုးထဲတွင်ပေါက်လျက် ရှိနေချေသည်။

ဘောက်တဲလ်က ထိုဂမုန်းနက်အားခိုးယူချင်နေ၏။ သို့သော် ရိဆာက သူမ၏အခန်းအားအမြဲပင်သော့ခတ်ထားခဲ့သည်။ သော့မှာ

လည်း သူ့ ကိုယ်၏အိပ်ကပ်ထဲတွင် အမြဲရှိနေခဲ့လေသည်။

သို့ဖြင့် အိုက်ဆက်ဘောက်တဲလ်က သော့အသစ်များထပ်လုပ်လိုက်၏။ တစ်နေ့သောမွန်းလွဲပိုင်းလောက်မှာပင် သူက ရိုဆာ၏အခန်းအား ထိုသော့များဖြင့် ကြိုးစား၍ဖွင့်လိုက်ပါသည်။နောက်ဆုံးတွင်သော့တစ်ချောင်းက သော့ကိုပွင့်သွားစေခဲ့၏။ အိုက်ဆက်ကတံခါးကိုဖွင့်လိုက်ပြီး ရိုဆာ၏အခန်းတွင်းသို့ ဝင်လိုက်ပါသည်။

■

"ကော်နဲလီးယပ်စ် ရေ- ကော်နဲလီးယပ်စ်" ဟု ရိုဆာက အော်ခေါ်လိုက်၏။ သူမ၏ မျက်နှာမှာ ဖြူဖတ်ဖြူရော်ဖြစ်နေပြီး သူမငိုနေပေသည်။

"ရိုဆာ ဘာတွေမှားယွင်းကုန်လို့လဲ" ဟု ကော်နဲလီးယပ်စ်က မေးလိုက်ပါသည်။ "မင်း ကနေ့ည ဘာပြုလို့ ပျော်ပျော်ရွှင်ရွှင် ရှိမနေရတာလဲ"

"တူးလစ်ပန်းလေး..အဲဒီအနက်ရောင် ဂမုန်းပန်း မရှိတော့ဘူး" ရိုဆာကပြောပြလိုက်၏။ "တစ်ယောက်ယောက်က အဲဒါကိုခိုးသွားပြီ"

"မင်းရဲ့အခန်းတံခါးကို ကနေ့ ပိတ်ထားခဲ့ရဲ့လား" ဟု ကော်နဲလီးယပ်စ်ကမေးလိုက်၏။

" ဟုတ်ကဲ့ ပိတ်ခဲ့တယ်။ ကျွန်မက အမြဲပဲတံခါးကိုသော့

ပိတ်ထားခဲ့တာ" ဟု ရိုဆာက ပြန်ပြောပြလိုက်၏။

"ဂျက်ကော့ဂစ်ဆဲလ် ဒီဂမုန်းပန်းကို ခိုးသွားခဲ့တာပဲ၊ ရိုဆာ" ကော်နဲလီးယပ်စ်က ပြောပြလိုက်ပါသည်။ "ကိုယ်ဒီအချုပ်ခန်းကနေ အပြင်ထွက်ရမှဖြစ်မယ်။ မင်းအဖေဆီကသော့ကိုယူလိုက် ကိုယ် ဂရီးဖပ်စ်ကိုသတ်မယ်။ နောက်ပြီးဂစ်ဆယ်လ်ကိုလည်းသတ်ပစ်မယ်။ ဒီတံခါးကို ဖွင့်လိုက်စမ်းပါ ရိုဆာ"

"ကျေးဇူးပြုပြီး စိတ်အေးအေးထားပါ ကော်နဲလီးယပ်စ်ရယ်" ရိုဆာကပြောလိုက်၏။ "ကျွန်မအဖေ ရှင်ပြောတာကြားသွားအုံးမယ်။ အဖေရဲ့သော့ကို အခုပဲကျွန်မယူလိုက်ပါမယ်"

"နင့်ငါဆီက သော့ကိုဘယ်တော့မှရမှာမဟုတ်ဘူး" ဟု အသံတစ်သံကအော်ပြောလိုက်၏။

ယင်းမှာ ဂရီးဖပ်စ်ဖြစ်ပေသည်။ သူသည်အချုပ်ခန်းအနီးရောက်ရှိနေပြီး လူငယ်နှစ်ဦးပြောဆိုနေသည်ကိုနားထောင်နေခဲ့၏။

ဂရီးဖပ်စ်က သူ၏သမီးအားရိုက်လိုက်ပြီးသူမအား အော်ဟစ်ကြိမ်းမောင်းခဲ့၏။

"ငါဒီအကြောင်းကို မင်းသားဝိလ်ကိုပြောပြလိုက်မယ်။ နောက်ပြီးနင် ဒီအကျဉ်းသားကို နောက်ထပ်လာမတွေ့ရဘူး" ဟု ဂရီးဖပ်စ်က အော်ဟစ်ပြောဆိုလိုက်၏။

■

နောက်တစ်နေ့ မနက်သို့ရောက်သောအခါတွင် အိုက်ဆက်ဘောက်တဲလ်နှင့် ဂမုန်းနက်တို့သည် ဟာလမ်သို့ ရောက်ရှိနေခဲ့ကြပေသည်။ ဘောက်တဲလ်က ပန်းစိုက်သူများအသင်း၏ ဥက္ကဋ္ဌထံသို့ စာတစ်စောင်ရေးသားခဲ့၏။

လူကြီးမင်းစင်ဗျား

ကျွန်တော်အနေနဲ့ ဂမုန်းနက်ကို စိုက်ပျိုးနိုင်ခဲ့ပြီးဖြစ်ပါသည်။ ဒီနေ့တွင်ပဲ ကျွန်တော် လူကြီးမင်း၏ အိမ်သို့ ထိုအပင်ကို ယူဆောင်လာခဲ့ပါမည်။ ကျွန်တော်အနေနှင့် ဆုငွေဂီလ်ဒါ တစ်သိန်းကို ဆွတ်ခူးနိုင်မည်ဖြစ်ပါသည်။ ကျွန်တော် ငွေငန်းဖြူ ဟိုတယ်တွင် တည်းခိုနေပါမည်။

အိုက်ဆက်ဘောက်တယ်လ်

ဘောက်တယ်လ်၏ အကြံအစည်မှာ ပါးနပ်လှ၏။ သို့သော် ရိုဆာသည်လည်း ပါးနပ်သူဖြစ်ရုံမက သူမသည် သတ္တိရှိသူတစ်ဦးလည်းဖြစ်၏။ ထို့ပြင် သူမသည် ကော်နဲလီးယပ်စ်ဗန်ဘေးနှင့် ချစ်ခင်စုံမက်နေပေသည်။

"ငါ၊ ဟာလမ်ကို သွားရမယ်" ရိုဆာကသူမကိုယ် သူမပြောလိုက်၏။ "ငါ အဲဒီကို ဒီနေ့ပဲသွားရမယ်။ ငါဝန်းစိုက်သူများအသင်းရဲ့ ဥက္ကဋ္ဌကို ပြောပြမှဖြစ်မယ်"

ရိုဆာကအိတ်တစ်အိတ်အတွင်းသို့ အဝတ်အစားတချို့ထည့်လိုက်၏။ သူမက တတိယမြောက် ဂမုန်းဥကိုလည်း ယင်းအိတ်ထဲသို့ ထည့်လိုက်ပါသည်။ ထိုဥကလေးသည် ကော်နဲလီးယပ်စ်၏ စာအုပ်မှ ဆုတ်ထားသောစာရွက်ဖြင့် ထုတ်ထားသည့်အထုပ်ကလေးထဲတွင်ရှိနေ၏။ နာရီအနည်းငယ်ကြာပြီးနောက် ရိုဆာသည် ဟာလမ် သို့ ခရီးထွက်ခွာသွားနေခဲ့ပြီဖြစ်လေသည်။

မွန်းလွဲချိန်လောက်တွင် ဂရီးဖပ်စ်က သူ၏သမီးအားလိုက်လံရှာဖွေလိုက်၏။ ထို့ပြင် သူက သူ၏မိတ်ဆွေကြီး ဂျက်ကော့ဂစ်ဆဲလ် ကိုလည်းရှာဖွေကြည့်လိုက်၏။ သူတို့ဘယ်ရောက်သွားကြပြီလဲ။ သူတို့အတူတူထွက်ပြေးသွားခဲ့လေသလား။

ဂရိုးဖပ်စ်သည် အလွန်စိတ်ဆိုးသွားခဲ့၏။ သူကကော်နဲလီးယပ်စ်၏ အချုပ်ခန်းသို့ ထွက်လာခဲ့သည်။ သူကအကျဉ်းသားအား ရိုဆာအကြောင်းမေးကြည့်ခဲ့၏။ သူက ထိုလူငယ်အားအော်ဟစ်ကြိမ်းမောင်းခဲ့၏။ သူကအကျဉ်းသားအားရိုက်နှက်ပစ်ခဲ့၏။ သို့သော်ကော်နဲလီးယပ်စ်က ထိုထောင်မှူးအားပြန်၍မတိုက်ခိုက်ခဲ့ပေ။ သူ၏ဂမုန်းနက်မရှိတော့ပေ။ သူသည် အသက်ရှင်၍မနေလိုတော့ချေ။

■

ရိုဆာသည် ဟာလမ်မြို့တွင် ရောက်ရှိနေ၏။ သူမသည် ပင်ပမ်းနွမ်းနယ်နေခဲ့သော်လည်း သူမကပန်းစိုက်သူများအသင်း၏ ဥက္ကဋ္ဌ အိမ်သို့ သွားရောက်လိုက်ပါသည်။

ဥက္ကဋ္ဌဖြစ်သူ ဗန်ဆိုက်စတိန်းက သူမအားလက်ခံစကား ပြောခဲ့ပါသည်။

"ဂမုန်းနက်နဲ့ ပတ်သက်ပြီးကျွန်မက ဥက္ကဋ္ဌကြီးကို ပြောပြ ချင်ပါတယ်ရှင်" ရိဆာကပြောပြလိုက်၏ "တစ်ယောက်ယောက်က ကျွန်မဆီကနေ ဒီဂမုန်းနက်ကို ခိုးယူသွားခဲ့ပါတယ်"

ဗန်ဆိုက်စတိန်းက လှပချောမောသည့် ကလေးမကလေးအား ကြည့်လိုက်ပါသည်။ သူသည်အတော်ပင်အံ့သြသွားခဲ့လေသည်။

"ငါတို့ မကြာမီမှာပဲ သူခိုးကိုရှာတွေ့ကြမှာပါ" သူကပြော လိုက်ပါသည်။ "လွန်ခဲ့တဲ့ နှစ်နာရီလောက်ကပဲ ဂမုန်းနက်ကို ငါတွေ့ ခဲ့သေးတယ်။ မစ္စတာအိုက်ဆက်ဘောက်တဲလ်က ဒီကိုယူလာခဲ့ တာပါ။ မင်း က မစ္စတာအိုက်ဆက်ဘောက်တဲလ်ရဲ့ အစေခံလား"

"မဟုတ်ရပါဘူးရှင် မစ္စတာဘောက်တဲလ်ကို ကျွန်မ မသိပါ ဘူး" ဟု ရိဆာကပြန်ပြောလိုက်၏။ "ဒီ ဂမုန်းပင်က ကျွန်မရဲ့ အပင်ပါ။ နောက်ပြီးဒီဟာက ကျွန်မဆီက ခိုးသွားခဲ့တာပါ"

"ဟာလမ်မှာ ဂမုန်းနက်နှစ်ပင်ရှိနေသလား" ဟု ဥက္ကဋ္ဌဖြစ်သူ က မေးလိုက်၏။ "ငါတော့ ဒါကိုမယုံဘူး"

"မစ္စတာဘောက်တဲလ်က အဘိုးကြီးတစ်ယောက်လား သူ့မှာ ချောင်ကျနေတဲ့မျက်နှာရှိပါသလား" ဟု ရိဆာကမေးလိုက်၏။

"အေးရှိတယ်" ဥက္ကဋ္ဌကပြန်ပြောလိုက်ပါသည်။ "ဘာပြုလို့ မင်းက ဒီမေးခွန်းတွေ ငါ့ကိုမေးနေရတာလဲ"

မစ္စတာဘောက်တဲလ်က အဲဒီသူခိုးပါပဲရှင်။ ဟု ရိဆာက ပြန်ပြောလိုက်၏။ "ဒီဂမုန်းနက်ဟာ မစ္စတာဘောက်တဲလ်ရဲ့ဟာ မဟုတ်ပါဘူး။ ကျွန်မရဲ့ဟာပါ"

"သတိထားပြော ကလေးမ" ဟု ထိုဥက္ကဋ္ဌက ပြောလိုက်ပါ သည်။ "မစ္စတာဘောက်တဲလ်ကို သူခိုးလို့မခေါ်ပါနဲ့။ မင်းမှားယွင်း ပြောဆိုမိတာ။ အခုပဲမစ္စတာဘောက်တဲလ်ဆီသွားတွေ့ပြီး စကား ပြောကြည့်ပါလား။ သူက ငွေငန်းဖြူဟိုတယ်မှာတည်းခိုနေပါတယ်"

ရိဆာသည် ဥက္ကဋ္ဌ၏အိမ်မှထွက်ခွာလာခဲ့၏။

"ငါဘာလုပ်ရပါမလဲ" ရိဆာကသူကိုယ်သူမေးကြည့်နေခဲ့၏။ "ကျက်ကော့ဂစ်ဆယ်လ်ဟာ မစ္စတာဘောက်တဲလ်ပဲလား။ ငါတော့ မပြောတတ်တော့ဘူး။ ဒါပေမယ့် ဂစ်ဆဲလ်ကလည်း ငါ့ကို ဒီဂမုန်းနက်ကို ပြန်ပေးမှာမဟုတ်ပါဘူး"

ရိဆာက ဟာလမ်မြို့၏ စည်းကားလှသောလမ်းများကို ဖြည်းဖြည်းချင်းဖြတ်လျှောက်လာခဲ့၏။ လမ်းပေါ်ရှိ လူအားလုံးပင် ဂမုန်းနက်အကြောင်း ပြောဆိုနေခဲ့ကြပေသည်။

"တူးလစ်ဂမုန်းနက်ကို မင်းမြင်ဖူးပြီးပြီလား" သူတို့က တစ်ယောက်ကိုတစ်ယောက်မေးမြန်းကြည့်နေခဲ့ကြ၏။ "ဟာလမ်မှာ အနက်ရောင်ဂမုန်းပင်ရောက်နေပြီတဲ့။ တစ်ယောက်ယောက်ကတော့ ဆုကိုရသွားပြီပေါ့။ သူကဘယ်သူဖြစ်မလဲ"

"ဥက္ကဋ္ဌကြီးဆီငါ့ပြန်သွားမယ်" ရိဆာက သူမကိုယ်သူမပြောပြလိုက်၏။ "သူ့ကို ငါ့ရဲ့စာတ်လမ်းကိုပြောပြလိုက်မယ်။ သူ့အနေနဲ့ ငါပြောတာကိုယုံကြည်ပါလိမ့်မယ်"

■

ဥက္ကဋ္ဌကြီးသည်အလုပ်များလျက်ရှိ၏။ သူက ရိဆာအား ထပ်မံ၍မတွေ့လိုတော့ပေ။ သို့သော် လှပချောမောသည့် ကလေးမကလေးက သူ၏စည်ခန်းအတွင်းသို့ပြေးဝင်သွားခဲ့၏။ သူမက သူ၏ခြေရင်းတွင် ကြမ်းပေါ်၌ဒူးထောက်ထိုင်လိုက်ပါသည်။

"ကျေးဇူးပြုပြီးထွက်သွားပါ။ ကျုပ်အလုပ်သိပ်ရှုပ်နေပါတယ်" ဥက္ကဋ္ဌက ပြောလိုက်ပါသည်။ "ဂမုန်းနက်နဲ့ ပတ်သက်ပြီး ကျုပ်အစီရင်ခံစာရေးနေပါတယ်"

"ဒါပေမဲ့ ဥက္ကဋ္ဌကြီးရဲ့ အစီရင်ခံစာဟာ အမှန်တရားဖြစ်မှာမဟုတ်ပါဘူး" ရိဆာကပြောလိုက်၏။ "မစ္စတာဘောက်တဲလ်ကို

ဒီနေရာကိုခေါ်လိုက်ပါ။ သူနဲ့အတူ ဂမုန်းနက်ကို ယူလာရမယ်။ သူတို့ကို ကျွန်မကြည့်ပါရစေအုံး"

ထိုအခိုက်မှာပင် သူတို့သည်လမ်းပေါ်မှ အော်သံများကိုကြား လိုက်ကြရ၏။

"ခဏလောက်ဒီမှာ စောင့်နေ" ဟု ဥက္ကဋ္ဌကပြောလိုက်ပါသည်။ သူကအခန်းတွင်းမှပြေးထွက်သွားခဲ့၏။

ဖြူဖတ်ဖြူရော်နှင့် လူရွယ်တစ်ဦးအိမ်ထဲသို့ဝင်ရောက်လာ ခဲ့ပါသည်။

" မင်းသားဝီလျံပါလား" ဥက္ကဋ္ဌက ပြောလိုက်ပါသည်။ "ဟာလမ်မြို့ကကြီးဆိုပါတယ်။ ကျွန်ုပ်၏အိမ်ကလည်း ကြီးဆိုပါ တယ် မင်းသား"

မင်းသားဝီလျံကပြုံးလိုက်ပါသည်။

"ကျုပ် ဂမုန်းနက်ကို ကြည့်ချင်တယ်" ဟု သူကပြောပါသည်။ "အဲဒီအပင် ဒီမှာရှိနေသလား "

"မရှိပါဘူး အရှင်" ဗန်ဆိုက်စတန်းကပြောပြလိုက်ပါသည်။ "ဂမုန်းနက်က ငွေငန်းဖြူ ဟိုတယ်မှာ ရှိနေပါတယ်။ ဒီဂမုန်းနက်ကို စိုက်ခဲ့တဲ့ လူဆီမှာရှိပါတယ်။ သူက ဒေါ်မြို့က အိုက်ဆက်ဘောက်တဲလ်ဖြစ်ပါတယ်။ ဒါပေမယ့် ပြဿနာတစ်ခုရှိနေပါတယ်အရှင် "

"ပြဿနာ ဟုတ်လား" ဟု မင်းသားဝီလျံကမေးလိုက်၏။

"ဟုတ်ပါတယ်၊ အရှင်" ဗန်ဆိုက်စတန်းကပြန်ပြောပြလိုက်ပါသည်။ "ကလေးမကလေးတစ်ယောက် ဒီနေ့ဒီကိုရောက်လာခဲ့ပါတယ်။ သူက အိုက်ဆက်ဘောက်တဲလ်ဟာ ဒီဂမုန်းနက်ကို စိုက်ခဲ့တာမဟုတ်ဘူး။ သူကခိုးယူခဲ့တာပါ။ ဒီအနက်ရောင် ဂမုန်းပင်ကို ကျွန်မ ပိုင်ပါတယ်လို့ပြောနေပါတယ်။ အဲဒီ မိန်းကလေး ဒီမှာ ရောက်နေပါတယ် အရှင်မင်းသား"

"ဒီမိန်းကလေးက အမှန်ကိုပြောနေတာလား" ဟု မင်းသားဝီလျံကမေးလိုက်ပါသည်။

"ကျွန်တော်မသိပါဘူး အရှင်" ဟု ဥက္ကဋ္ဌကပြန်ဖြေလိုက်၏။

"ဘောက်တဲလ်ကို ခေါ်ဖို့ သင်အစေခံတစ်ယောက်စေလွှတ်သင့်တယ်" မင်းသားကပြောလိုက်ပါသည်။ "ဘောက်တဲလ်ဟာ အနက်ရောင်ဂမုန်းပင်ကို ဒီယူလာခဲ့ရမယ်။ မိန်းကလေး ဂမုန်းပင်ကို ကြည့်ပါစေ။ အဲဒီနောက် ဒီအပင်နဲ့ ပတ်သက်ပြီးဘောက်တဲလ်နဲ့ မိန်းကလေးကိုမေးမြန်းစစ်ဆေးပါ။ကျုပ်စောင့်ပြီးနားထောင်နေမယ်"

"မင်းက ဒီအနက်ရောင်ဂမုန်းကိုစိုက်တဲသူလား" ဟု ဥက္ကဋ္ဌကမေးလိုက်၏။

"ဟုတ်ပါတယ်ရှင်" ရိုဆာကဖြေလိုက်သည်။ "ဒီအပင်ကို ကျွန်မရဲ့ အခန်းထဲမှာစိုက်ခဲ့တာပါ။ ကျွန်မက လိုဇင်စတိန်းအကျဉ်းထောင်က ထောင်မှူးကြီးရဲ့ သမီးဖြစ်ပါတယ် "

"မင်း ဂမုန်းပင်တွေအကြောင်းနားလည်ရဲ့လား" ဟု ဥက္ကဋ္ဌက မေးလိုက်ပါသည်။

"ကျွန်မနားမလည်ပါဘူးရှင်" ရိုဆာကပြန်ဖြေလိုက်၏ "လိုဗင်စတိန်းမှာရှိတဲ့ အကျဉ်းသားတစ်ယောက်က ကျွန်မကို ဒီဂမုန်းဥ ပေးခဲ့တာပါ။ ကျွန်မက သူ့အတွက် ဒီဂမုန်းကို စိုက်ပေးခဲ့တာပါ။

"ဒီအကျဉ်းသားက ဟော်အကျဉ်းထောင်ကိုလည်း ရောက်ခဲ့ဖူးတယ်မဟုတ်လား" ဟု မင်းသားကမေးလိုက်ပါသည်။

"ဟုတ်ပါတယ်အရှင်" ဟု ရိုဆာကပြန်ဖြေလိုက်၏။

"သူဟာ အင်မတန် ကံထူးတဲ့ အကျဉ်းသားပေပဲ" ဟု ဝီလျံမင်းသားကပြောလိုက်၏။ ထို့ပြင် သူသည်ပြုံးလျက်ရှိနေလေသည်။

■

အခန်း (၁၁)

စာအစဆောက်အထား

"မစ္စတာဘောက်တဲလ် ရောက်လာပါပြီအရှင်" ဟု ဗန်ဆိုက်စတိန်းက ဝီလျံမင်းသားအားပြောပြလိုက်၏။ မင်းသားက အခန်း၏ထောင့်တစ်ထောင့်တွင်ထိုင်လိုက်ပါသည်။

အိုက်ဆက်ဘောက်တဲလ်က အခန်းထဲဝင်လာခဲ့၏။ သူက ဂမုန်းနက်ပင်အား စာပွဲပေါ်တွင်တင်လိုက်ပါသည်။

"ဒီဟာ ကျွန်မရဲ့ဂမုန်းပင်ပဲ" ဟု ရီဆာက ပြောလိုက်၏။ "နောက်ပြီးဒီလူဟာလိုဗင်စတိန်းအကျဉ်းထောင်ကို ရောက်ခဲ့ဘူးတယ်။ သူက သူ့ကိုယ်သူ ဂျက်ကော့ဂစ်ဆဲလ်လို့ ပြောခဲ့ပါတယ်။ သူက ကျွန်မအဖေအတွက် ဝိုင်အရက်တွေဝယ်လာပေးခဲ့ပါတယ်။ နောက်ပြီး သူက အကျဉ်းထောင်မှာရှိတဲ့ ကျွန်မ အခန်းကနေ ဂမုန်းပင်ကို ခိုးယူသွားခဲ့တာပါ"

အိုက်ဆက်ဘောက်တဲလ်က ရီဆာကိုကြည့်လိုက်၏ထို့နောက်တွင် ဘောက်တဲလ်သည် ဝီလျံမင်းသားကိုမြင်တွေ့သွားသည်။

ရုတ်တရက်ဘောက်တဲလ်သည်ကြောက်ရွံ့ထိတ်လန့်သွားခဲ့၏။

"အရှင်ဝီလျံမင်းသား ကျွန်တော်ဒီတူးလစ်ဂမုန်းပင်ကိုခိုးယူခဲ့တာမဟုတ်ပါဘူး" သူကပြောလိုက်၏။ "ကျွန်တော်က အိုက်ဆက်ဘောက်တဲလ်ဖြစ်ပါတယ်။ ဒေါ်မြို့မှာ ကျွန်တော် ဂမုန်းတွေစိုက်ခဲ့တာ နှစ်ပေါင်းနှစ်ဆယ်လောက်ရှိပါပြီ။ ဒီမိန်းကလေးနဲ့ သူ့ရဲ့မိတ်ဆွေက ကျွန်တော်ရဲ့ဂမုန်းပင်ကို ခိုးယူဖို့ကြိုးစားခဲ့ကြတာပါ"

"သူ့ရဲ့မိတ်ဆွေ ဟုတ်လား" ဟုဝီလျံမင်းသားက မေးလိုက်၏။ "သူ့ရဲ့မိတ်ဆွေက ဘယ်သူလဲ"

"သူက လိဗင်စတိန်းအကျဉ်းထောင်က အကျဉ်းသားတစ်ယောက်ပါ" ဟု ဘောက်တဲလ်က ပြောပြလိုက်၏။ "သူနာမည်က ကော်နဲလီးယပ်စ်ဗန်ဘေးပါ သူက သစ္စာဖောက်ကော်နဲလီးယပ်စ်ဒီဝစ်ရဲ့ မိတ်ဆွေတစ်ယောက်ဖြစ်ပါတယ်။ဒီအကျဉ်းသားဟာလည်း သစ္စာဖေါက်တစ်ယောက်ဖြစ်ပါတယ်။ နောက်ပြီးတော့ သူဟာ

သူခိုးတစ်ယောက်ပါ။

ရိဆာက စတင်ငိုကြွေးနေမိ၏။ သူမက ဝီလျံမင်းသားဘာကြောင့် သို့လှည့်လိုက်ပါသည်။

"အို အရှင်မင်းသား ဒါဟာမဟုတ်မှန်ပါဘူး" ဟု မိန်းမပျိုက ပြောပြလိုက်၏။ "ဒီလူဟာလိမ်ညာပြောနေတာပါ။ ကော်နဲလီးယပ်စ်ဟာ သူခိုးတစ်ယောက်မဟုတ်ပါဘူး၊ နောက်ပြီးသူဟာ သစ္စာဖောက်တစ်ယောက်လည်းမဟုတ်ပါဘူး"

"မင်းကို ငါအပြစ်ပေးမှာမဟုတ်ပါဘူး မိန်းကလေး" ဟု ဝီလျံမင်းသားကပြောလိုက်၏။ "ဒါပေမယ့် သူခိုးတွေနဲ့ သစ္စာဖောက်တွေကိုတော့ အပြစ်ပေးတတ်တယ်"

"အရှင် မစ္စတာဘောက်တဲလ်ကို ကျွန်မမေးခွန်းတချို့ မေးခွင့်ပြုပါ" ဟု ရိဆာကပြောလိုက်ပါသည်။

"မင်းရဲ့မေးခွန်းတွေကိုငါဖြေမယ် " ဟုဘောက်တဲလ်ကပြောလိုက်၏။

"ဒီဟာက ရှင့်ရဲ့ကမုန်းပင်လား" ဟု ရိဆာကမေးလိုက်ပါသည်။

"အေး ဟုတ်တယ်" ဘောက်တဲလ်ကပြောလိုက်၏။

ကမုန်းဥကြီးမှာ ဥကလေးဘယ်နှစ်ဥရှိနေသလဲ။

"နှစ်ခု မဟုတ်ဘူး သုံးခု၊ သုံးခုရှိတယ်" ဟု ဘောက်တဲလ်ကပြန်ဖြေလိုက်သည်။

"နောက်ပြီး တခြားကမုန်းဥတွေဘာဖြစ်သွားခဲ့သလဲ" ရိဆာကမေးလိုက်၏။

"တစ်ဥကအပင်မပေါက်ဘူး" ဘောက်တဲလ်ကပြန်ဖြေပါသည်။ "ဒါပေမဲ့ ဒုတိယဥကနေ ဒီအပင်ပေါက်လာတာပါ"

"နောက် တတိယဥကတော့" ဟု ရိဆာက တိုးတိုးမေးလိုက်ပါသည်။

"အဲဒီဥက ခွေးမြို့က ကျွန်တော့်ရဲ့အိမ်မှာ ရှိနေပါတယ်" ဟု

ဘောက်တဲလ်က ပြောလိုက်၏။

"ဒါဟာမမှန်ပါဘူး" ရိဆာက ပြောလိုက်ပါသည်။ "ကျွန်မမှာ တတိယဥ ပါလာပါတယ်။ ကော်နဲလီးယပ်စ်ဗန်ဘေးက ဒီဥကို လွန်ခဲ့တဲ့နှစ်ကပေးထားခဲ့တာပါ။ အဲဒီဥက စက္ကူထုတ်ထဲမှာ ရှိပါတယ်။ ကြည့်တော်မူကြပါ"

ထိုနောက် ရိဆာက တတိယပန်းဥကို ကော်နဲလီးယပ်စ်ဒီဝစ်၏ စာအုပ်မှ ထုတ်ယူထားသော စက္ကူမှ ထုတ်လိုက်၏။ သူမက ဂမုန်းဥ အား ဗန်ဆိုက်စတိန်းနှင့် မင်းသားတို့အားပြသလိုက်ပါသည်။ ရုတ်တရက်သူမက စာရွက်ကလေးကိုကြည့်လိုက်မိ၏။ယင်းစက္ကူ ပေါ်တွင် ရေးထားသောစာများရှိနေပါသည်။ ထိုပြင် ရိဆာသည် ယင်းတို့ကိုဖတ်နိုင်နေပေပြီ။ ကော်နဲလီးယပ်စ်က သူမအား စာဖတ် တတ်အောင် သင်ကြားပေးထားခဲ့၏။ ရိဆာသည် ပထမဆုံးအကြိမ် အဖြစ် ရေးထားသည်ကို ဖတ်ကြည့်လိုက်၏။ ထိုနောက်သူမ ပြုံးပျော်သွားခဲ့ရလေသည်။

"ဒါကိုဖတ်ကြည့်ကြပါ။ ဒါကိုဖတ်ကြည့်ကြပါရှင့်" ဟု ရိဆာက ပြောလိုက်၏။ သူမက စာရွက်အားဝိလ်မင်းသားကို ပေးလိုက်ပါသည်။

မင်းသားက ရေးထားသည်များကို တည်တည်ငြိမ်ငြိမ်ပင်

> ၁၆၇၂ ခု၊ ဩဂုတ်လ (၂၀) ရက်
> လူကလေးကော်နဲလီးယပ်စ်
>
> ငါ မင်းရဲ့အိမ်မှာအထုပ်တစ်ထုတ်ထားခဲ့တယ်။ အဲဒီအထုတ်ကိုချက်ချင်းပဲ မီးရှို့ပစ်လိုက်စေချင်တယ်။ အထုတ်ကိုဖွင့် မကြည့်လေနဲ့။
>
> မင်းရဲ့အုပ်ထိမ်းသူ
> ကော်နဲလီးယပ်စ်ဒီဝစ်

ဖတ်ကြည့်လိုက်ပါသည်။

ဝီလျံမင်းသားက ပြုံးလိုက်၏ သူကစာရွက်အား သူ၏ အိပ်ကပ်ထဲသို့ ထည့်လိုက်ပါသည်။

"ပထမဆုံးပွင့်တဲ့ ဂမုန်းနက်အတွက် ဆုငွေထုတ်ထားပါတယ်" သူက ပြောလိုက်၏။ "ဂမုန်းနက်ဆုငွေအတွက် ဆုံးဖြတ်မဲ့သူအဖြစ် ကျွန်ုပ်ဆောင်ရွက်မယ်။ မစ္စတာဗန်ဆိုက်စတိန်း ဒီမိန်းကလေးနဲ့ ဂမုန်းပင်ကို ဂရုတစိုက်ကြည့်ရှု့ထားလိုက်ပါ။နွေတ်ဆက်လိုက်ပါတယ် မစ္စတာဘောက်တဲလ်။ ကျွပ်ခင်ဗျားနဲ့ ထပ်တွေ့ပါအုံးမယ်"

ဘောက်တဲလ်က အခန်းတွင်းမှ ဖြည်းဖြည်းချင်းထွက်ခွာသွားခဲ့၏။ သူသည် မင်းသား၏စကားကိုနားမလည်ခဲ့ပေ။

ရီဆာက ဂမုန်းနက်ရှိရာသို့ တိုးကပ်သွားလိုက်ပြီး နမ်းလိုက်ပါသည်။ ထိုနောက်တွင် သူမကဝီလျံမင်းသားအားပြောပြလိုက်၏။

"အရှင်မင်းသား" သူမကပြောပြလိုက်ပါသည်။ "ကော်နဲလီးယပ်စ်ဗန်ဘေးက ကျွန်မကိုစာဖတ်သင်ပေးခဲ့ပါတယ်။ ဒီအတွက် ဘုရားသခင်ကို ကျေးဇူးတင်မိပါရဲ့။ အရှင်အမှန်တရားကို သိတော်မူပါပြီ။ ကျွန်မအား အကူအညီပေးတော်မူပါ။ ကျွန်မရဲ့ ကော်နဲလီးယပ်စ်ကိုအကူအညီပေးတော်မူပါအရှင်"

■

အခန်း (၁၂)

ဆုဝင်

ကော်နဲလီးယပ်စ်သည် သူ၏ အကျဉ်းခန်းထဲတွင်ရပ်နေပါသည်။ ဂရိုးဖပ်စ်သည်လည်း ထိုအကျဉ်းခန်းထဲတွင်ရှိနေ၏။ သူက ကော်နဲလီးယပ်စ်အား အော်ဟစ်ကြိမ်းမောင်းလျက်ရှိနေပါသည်။

"ငါ့သမီးဘယ်မှာလဲ" ဟု ထောင်မှူးအိုကြီးက အော်မေးလိုက်၏။

ဂရိုးဖပ်စ်သည် ဝိုင်အရက်များကို သောက်ထားခဲ့၏။ ထို့ပြင် သူက တုတ်လေးတစ်ချောင်းကို ကိုင်ထားပါသည်။

"ရိုဆာဘယ်မှာလဲ" ဂရိုးဖပ်စ်ကထပ်၍မေးလိုက်ပြန်၏။ "ငါမင်းကို ဒီတုတ်နဲ့ ရိုက်ပစ်မယ်။ အဲဒီနောက်ဆိုရင် မင်းငါ့ကိုအမှန်အတိုင်းဖွင့်ပြောလာမှာပဲ"

ဂရိုးဖပ်စ်က ထုတ်ကိုမြောက်လိုက်ပြီး ကော်နဲလီးယပ်စ်အား ရိုက်ထည့်လိုက်ပါသည်။ သို့သော် ကော်နဲလီးယပ်စ်သည် ထောင်မှူးအိုကြီးထက်ပို၍ သန်စွမ်း၏ သူက တုတ်ကိုလုယူလိုက်ပြီးအဖိုးအို

ကို ရိုက်လိုက်ပါသည်။

"ကယ်ကြပါ၊ကယ်တော်မူကြပါ" ဟု ဂရိုးဖပ်စ်က အော်ဟစ်လိုက်၏။ "အကျဉ်းသားက ကျွန်တော်ကို သတ်နေပါတယ်။ ကယ်တော်မူကြပါ"

စစ်သားအချို့က အကျဉ်းခန်းအတွင်းသို့ ပြေးဝင်လာခဲ့ကြ၏။ သူတို့က ကော်နဲလီးယပ်စ်လက်ထဲမှ တုတ်ကိုယူလိုက်ပါသည်။ ထို့နောက် သူတို့က အကျဉ်းခန်းထဲမှထွက်ခွာသွားခဲ့ကြ၏။ ထောင်မှူးအိုကြီးသည် သူတို့နှင့်အတူ လိုက်သွားခဲ့သည်။ သူက တံခါးကို သော့ခတ်လိုက်ပါသည်။

"ထောင်မှူးကြီးကို ငါရိုက်လိုက်မိပြီ" ဟု ကော်နဲလီးယပ်စ်က သူ့ကိုယ်သူ စိတ်မကောင်းစွာပြောနေမိ၏။ "အခုဆိုငါသေရတော့မယ်။ နောက်ပြီးငါဘယ်တော့မှ ရိုဆာနဲ့ ပြန်တွေ့ရတော့မှာ မဟုတ်တော့ဘူး"

နှစ်နှာရီခန့်ကျော်လွန်သွားခဲ့၏။ ထို့နောက်တွင်အကျဉ်းခန်း၏ တံခါးပြန်၍ပွင့်လာခဲ့ပါသည်။ စစ်သားလေးယောက်က အချုပ်ခန်း

အတွင်းသို့ ပြေးဝင်လာခဲ့ကြ၏။

"ကော်နဲလီးယပ်စ်ဗန်ဘေးခင်ဗျားကျွန်တော်တို့နဲ့လိုက်ခဲ့ရမယ်" ဟု သူတို့ထဲမှ တစ်ယောက်ကပြောလိုက်ပါသည်။

စစ်သားများကကော်နဲလီးယပ်စ်အားအကျဉ်းထောင်မှခေါ်ထုတ်သွားခဲ့ကြ၏။ သူတို့က သူ့အားမြင်းရထားတစ်စီးအတွင်းသို့ သွင်းလိုက်ကြပါသည်။ အလျင်အမြန်ပင် မြင်းများကရထားအား ဟာလမ်သို့ ဦးတည်၍ဆွဲသွားခဲ့ကြ၏။

ဟာလမ်တွင်မူ ပြည်သူများသည်အလွန်ပင်ပျော်ရွှင်နေကြ၏။ တစ်စုံတစ်ယောက်သောသူသည် ဂမုန်းနက်ကို စိုက်ပျိုးနိုင်ခဲ့ချေသည်။ ထို့ပြင် ဝီလျံမင်းသားသည်လည်း ဟာလမ်တွင် ရောက်ရှိနေခဲ့၏။ မင်းသားက ဆုငွေကိုချီးမြှင့်မည်ဖြစ်လေသည်။

ပန်းစိုက်သူများအသင်း၏ ဥက္ကဋ္ဌက ဂမုန်းနက်အား မြို့ထဲကို ဖြတ်၍ သယ်ဆောင်လာခဲ့၏။ လူတိုင်းကပင် အော်ဟစ်အားပေးခဲ့ကြသည်။ ဝီလျံမင်းသားက မြင်းနက်တစ်ကောင်ပေါ်မှ စီး၍ လိုက်ပါလာခဲ့၏။ သူတို့က မြို့တော်ခန်းမရှေ့ရှိ ကျယ်ဝန်းလှသည့်

ရင်ပြင်သို့ ဦးတည်၍သွားခဲ့ကြ၏။ ထောင်ပေါင်းများစွာသောလူများက ရင်ပြင်တွင်ရပ်၍စောင့်ဆိုင်နေခဲ့ကြပါသည်။

ကော်နဲလီးယပ်စ်ဗန်ဘေးသည်လည်း ဟာလမ်တွင်ရောက်ရှိနေခဲ့ပြီဖြစ်သည်။ စစ်သားများက သူ့အားမြင်းရထားဖြင့်တင်၍ခေါ်ဆောင်လာခဲ့ကြခြင်းဖြစ်၏။မြင်းရထားသည်ရင်ပြင်ကျယ်ကြီးထဲတွင် ရပ်လိုက်ပါသည်။ ကော်နဲလီးယပ်စ်က မြင်းရထားပြူတင်းပေါက်မှ လှမ်းကြည့်လိုက်၏။

"ဘာပြုလို့ဒီလူတွေအားလုံးဒီမှာရောက်နေကြတာလဲ" ဟု ကော်နဲလီးယပ်စ်က လူတစ်ယောက်အားမေးလိုက်ပါသည်။ "သူတို့တွေက ကျွန်တော်တို့ပယ်ဖျက်ခံရတာကို လာကြည့်နေကြတာလား"

"မဟုတ်ဘူး မဟုတ်ဘူးကွ" ထိုသူကအော်ပြောလိုက်ပါသည်။ "တစ်ဦးတစ်ယောက်က ဂမုန်းနက်ကို စိုက်နိုင်ခဲ့တယ်။ဝီလျံမင်းသားက ဆုငွေပေးမလို့ပါ"

"တူးလစ်ဂမုန်းနက် ဟုတ်လား ဘယ်မှာလဲ" ဟု ကော်နဲလီးယပ်စ် ကအော်ဟစ်မေးလိုက်၏။

ဝီလျံမင်းသားသည်ထိုမြင်းရထားအနီးတွင်ရောက်နေပေသည်။ ထိုပြင်သူက ကော်နဲလီးယပ်စ်၏ ပြောသံကိုကြားလိုက်ရ၏ သူက မြင်းကိုရပ်လိုက်ပါသည်။

"ဒီလူကဘယ်သူလဲ" ဟုဝီလျံမင်းသားက စစ်သားတစ်ယောက်ကို မေးလိုက်၏။

"ဒီလူက လိဗင်စတိန်းက အကျဉ်းသားတစ်ယောက်ပါ" ထို စစ်သားကပြောလိုက်ပါသည်။ အရှင်ကသူ့ကို ဒီဟာလမ်မြို့မှာတွေ့ချင်တယ်ဆိုလို့ပါအရှင်။

"ဒီလူကို ဂမုန်းနက်ကိုကြည့်ခွင့်ပေးလိုက်ပါ" ဟု မင်းသားကပြောလိုက်ပါသည်။

ထို့နောက်သူက မြို့တော်ခန်းမဆီသို့မြင်းကိုစီးသွားခဲ့၏။

အိုက်ဆက်ဘောက်တဲလ်သည် မျက်နှာပျက်သွားပါသည်။

သူက ရီဆာကို ကြည့်လိုက်၏

မိနစ်အတန်ကြာပြီးနောက် စစ်သားများက ကော်နဲလီးယပ်စ်အား မြင်းရထားထဲမှ ထုတ်လိုက်ကြပါသည်။ သူတို့က မြို့တော်ခန်းမဆီသို့ ဖြည်းဖြည်းလျှောက်သွားခဲ့ကြ၏။ ဝီလျံမင်းသားသည် မြို့တော်ခန်းမရှေ့ရှိ ကုလားထိုင်ကြီးတစ်လုံးပေါ်တွင် ထိုင်နေလျက်ရှိပါသည်။ ထို့ပြင်မင်းသားထိုင်နေသော ကုလားထိုင်၏ဘေးတွင် စားပွဲတစ်လုံး ရှိပါသည်။ စားပွဲပေါ်တွင် ဂမုန်းနက်ရှိနေ၏။ ရုတ်ချည်းဆိုသလိုပင် လူများသည် တိတ်ဆိတ်ငြိမ်သက်သွားခဲ့ကြသည်။

ဝီလျံမင်းသားက ရိုဆာနှင့် ကော်နဲလီးယပ်စ်တို့အား ပြောလိုက်ပါသည်။

"သင်တို့နှစ်ယောက်ဟာ ဒီဂမုန်းနက်ကို စိုက်ပျိုးခဲ့သူတွေဖြစ်ကြတယ်" မင်းသားကပြောလိုက်၏။ ဒီအင်မတန်လှတဲ့ ပန်းကို "ရိုဆာဗန်ဘေး" လို့ခေါ်ကြမယ်။ ကော်နဲလီးယပ်စ်ဗန်ဘေး။ ဒီမှာလေ သင့်ရဲ့ဇနီး။ သင်သည်အကျဉ်းမှလွတ်မြောက်ပေပြီ။ ရိုဆာ၊ ဒါကတော့ သင်ရဲ့ခင်ပွန်းပဲ။ သင်တို့နှစ်ဦးစလုံး ဂီလ်ဒါတစ်သိန်းကို ဆွတ်ခူးရရှိလိုက်ကြပေပြီ။

ထို့နောက်ဝီလျံမင်းသားက သူ၏အိပ်ကပ်ထဲမှ တစ်စုံတစ်ခုကို

ထုတ်ယူလိုက်၏။ ယင်းမှာ ကော်နဲလီးယပ်စ်ဒီဝစ်၏ စာဖြစ်ပါသည်။

"ကျွပ် ဤစာကိုဖတ်ရှုခဲ့ပြီး၍ ယခုအခါအဖြစ်မှန်ကိုသိ ရှိခဲ့ရပေပြီ။" ဝီလျံမင်းသားက လူထုကြီးအား ပြောပြလိုက်ပါသည်။ "ကော်နဲလီးယပ်စ်ဝန်ဟောသည်သစ္စာဖောက်တစ်ယောက်မဟုတ်ပေ" ဟိတ်ဂ် မြို့သူမြို့သားများသည် ပျှန်နှင့်ကော်နဲလီးယပ်စ်ဒီဝစ်တို့အား သတ်ဖြတ်ခဲ့ကြ၏။ သို့သော် လူထုကြီးက ဆိုးဆိုးဝါးဝါး မှားမှားယွင်းယွင်း လုပ်ဆောင်ခဲ့ကြခြင်းဖြစ်ပေသည်။ ထိုဒီဝစ်ညီနောင်တို့သည် သစ္စာဖောက်ခဲ့ကြသူများ မဟုတ်ပေ။ သူတို့သည် လူတော်လူကောင်းများ ဖြစ်ကြ၏။ သူတို့သည် သူတို့၏ နိုင်ငံတော်အား ချစ်မြတ်နိုးခဲ့ကြပေသည်။

■

ရက်အနည်းငယ်ကြာပြီးနောက် ကော်နဲလီးယပ်စ်နှင့် ရိုဆာတို့သည် လက်ထပ်ခဲ့ကြ၏။ များမကြာမီမှာပင် သူတို့တွင် ချစ်စရာကောင်းသည့် ကလေးနှစ်ဦး ရရှိခဲ့ကြ၏။ ထို့ပြင်သူတို့သည် နောက်ထပ်လှပသော ဂမုန်းပန်းအမြောက်အမြားကို စိုက်ပျိုးထားခဲ့ကြပေသည်။

■

BEGINNER

The Black Tulip

1672 – The Netherlands. It is a dangerous time. People are fighting in the streets.

Cornelius loves two things. He loves tulips and he loves beautiful Rosa.

Cornelius wants to win the prize. The prize for the first black tulip flower in The Netherlands. But Cornelius has enemies. His enemies put him in prison. He is going to die.

Will Cornelius grow the first black tulip?

Will Prince William save Cornelius?

Will Cornelius marry Rosa?

1	Starter
2	Beginner
3	Elementary
4	Pre-intermediate
5	Intermediate
6	Upper

MACMILLAN READERS

This series provides a wide variety of enjoyable reading material for all learners of English. **Macmillan Readers** are retold versions of popular classic and contemporary titles as well as specially written stories, published at six levels.

BRITISH ENGLISH